
# လူတော်လား၊ လူကောင်းလား

နေဇင်လတ်

mgyoe

mgyoe.com



# လူတော်လား၊ လူကောင်းလား

နေဇင်လတ်

NZL0003
1,500.00 KS

mgyoe.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၁၂၁၈၁၁၀၇ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၁၁၁၈၁၂၀၇ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို **m.s.o** ပြုလုပ်၍ ထုတ်ဝေသူ-ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ-ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ပထမအကြိမ်အဖြစ် စောင်ရေ-၅၀၀ရိုက်နှိပ်ကာ ၂၀၀၈ခု၊ ဖေဖော်ဝါရီလတွင် တန်ဖိုး ၁၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုမြင့်

mgyoe.com

mgyoe.com

# မာတိကာ


၁။ ထားတတ်လျှင်တန်ဖိုး ၁

၂။ ရှိသေ၊ လေးစား၊ ချစ်ခင်၊ ကိုးကွယ် ၇

၃။ လီစင်လုံး သို့မဟုတ် စင်ကာပူ၏ အနာဂတ်ကြယ်ပွင့် ၁၃

၄။ သိပြီးမတတ်၊ တတ်ပြီးမသိ ၁၉

၅။ အပြောကောင်းတိုင်း၊ အကောင်းမပြော ၂၅

၆။ ကံစွမ်းသူလား၊ ဉာဏ်စွမ်းသူလား ၃၁

၇။ မသိတာပိုခက်တယ် ၃၇

၈။ ဆန္ဒလွန် ၄၅

၉။ လူတော်လား၊ လူကောင်းလား ၅၁

၁၀။ ဘရိန်းပိန်း ၆၁

၁၁။ အတော်လွန်သူနှင့် အလွန်တော်သူများ ၆၇

၁၂။ အချိန် ၇၃

၁၃။ ပိုး ၇၇

၁၄။ နမ်းပါများလို့ပြယ်ရရင် ၇၉

၁၅။ တော်ရမှာရော်၊ ရော်ရမှာတော် ၈၇

၁၆။ ပြောသလိုလုပ်၊ လုပ်သလိုပြောသည် ၉၃

၁၇။ အမြင်မှန်၊ အမှန်မြင် ၁၀၁

၁၈။ ပူထရာကျာရာ ၁၀၇

၁၉။ တစ်ခါတုန်းကအိပ်မက် ၁၁၇

၂၀။ သြော် ... သြော် ၁၂၉

၂၁။ ကျေနပ်ဖို့ပဲလိုတယ် ၁၃၅

၂၂။ အကြွေးဆိုတာ ၁၄၁


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ထားတတ်လျှင်တန်ဖိုး

10th Jan 2004

'ချင်းလက်ပတ္တမြားရောက်' ဟူသော ဆိုရိုးသည် တစ်ချိန်က တောင်ပေါ်သားတို့ ရိုးသားလွန်းသောကြောင့် တန်ဖိုးမသိနိုင်ခြင်းကို ရည်ညွှန်းခဲ့ခြင်းဖြစ်သည်။ 'ရိုးဂုဏ်' ကို ဖော်ညွှန်းသည်ဖြစ်၍ ဂုဏ်ယူဖွယ်ဖြစ်သော်လည်း၊ ယနေ့ရိုးသားမှုတွင် သံသယရှိပြီး တန်ဖိုးမထားတတ်သူများ အများအပြားတွေ့နိုင်ပြီဖြစ်သည်။ အရာတိုင်းသည် သူ့တန်ဖိုးနှင့်သူရှိနေသည်ဟု မခံယူပါက မည်မျှ တန်ဖိုးရှိသည့်အရာဖြစ်ပါစေ 'လူမိုက်လက်ငမောက်ရောက်' သကဲ့သို့သာ ရှုနေမည်ဖြစ်သည်။ အရာတိုင်းသည် တန်ဖိုးကိုယ်စီရှိသည်မှာ မှန်ပါ၏။ ယူတတ်ထားတတ်ဖို့သာ လိုသည်ဖြစ်သည်။

တန်ဖိုးရှိကြသည်ဟူသော အရာတိုင်းတွင် ပစ္စည်းများသာမက အတွေ့အကြုံ၊ ဗဟုသုတ၊ အတွေးအခေါ်၊ အသိအမြင်၊ ဉာဏ်ပညာများပါဝင်သည်။ စီးပွားဖြစ်ရန် ငွေကြေးအရင်းအနှီးများများလိုသည်ဟု ညည်းတွားပြီး လမ်းဘေးလက်ဖက်ရည်ဆိုင်တွင် နေ့စဉ်ထိုင်၍ အချိန်ဖြုန်းနေသော လူငယ်ထုအတွက် ကမ္ဘာပေါ်တွင် အချမ်းသာဆုံး Microsoft သူဌေးကြီး Bill Gate အကြောင်းဖတ်စေချင်ပါသည်။ အရင်းအနှီးမများဘဲ မိမိ၏ဉာဏ်ပညာနှင့် အတွေ့အကြုံကိုပေါင်းစပ်ကာ ညပေါင်းများစွာ မအိပ်မနေကြိုးစားခဲ့သော ဝီရိယကို တွေ့ရမည်ဖြစ်သည်။ နေရာတိုင်းတွင် အရင်းအနှီးလိုအပ်ပါသည်။ ထိုအရင်းအနှီးသည် ငွေကြေးတစ်မျိုးတည်းမဟုတ်ပါ။ ကမ္ဘာကြီးသည် အပေးအယူဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။

အရင်းအနှီးတွင် ငွေကြေးအရင်းအနှီးသည် တစ်စွန်းတစ်ပိုင်းမျှသာပါနေပြီး ပိုပြီးချမ်းသာကြသူများအတွက် 'ပညာ' နှင့် 'အသိ' အရင်းအနှီး အဓိကဖြစ်နေကြောင်း တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် 'ဘဏ်' ၏ ဝန်ဆောင်မှုများ ဖွံ့ဖြိုးမှု

mgyoe.com

mgyoe.com

လုံလောက်စွာမရှိသေးဘဲ 'ဘဏ်'၏ အထောက်အပံ့ကို တခြားတိုးတက်သော နိုင်ငံတိုင်းတွင် လူတိုင်းရနိုင်ကြပြီ ဖြစ်သည်။ အလကားပဲတင်း တောင်းသလောက်ရသည်တော့ မဟုတ်ချေ။ Project Proposal တင်ပြသည့်အခါ တာဝန်ရှိသူတို့က မည်မျှ ဖြစ်နိုင်ချေရှိ / မရှိနှင့် မည်မျှတိုးတက်နိုင်ချေရှိ / မရှိကို သုံးသပ်ကြပါသည်။ လက်လုပ်လက်စားမှသည် ပညာအရင်းအနှီး အဓိကလုပ်ငန်းများ ဘဏ်၏ အထောက်အပံ့ရသော ပမာဏမတူကြချေ။

ပညာအဓိကမကျလျှင်၊ ပညာအရင်းအနှီး အဓိကမလိုအပ်လျှင် ယနေ့ကမ္ဘာကို ပညာခေတ်ဟု မည်သူမျှ တင်စားကြမည်မဟုတ်ချေ။ ပညာဟုဆိုသည်နှင့် စာသင်ခန်းထဲကပညာများကို ပါရဂူအထိတတ်ရမှာလားဟု မေးရန်ရှိသည်။ မဟော်သံဓာတို့လက်ထက်က MBA မပေါ်ခဲ့သေးပါ။ Ph.D လည်းမရှိသေးပါ။ အဋ္ဌာရသ (၁၈) ရပ်ကို အခြေခံသင်ကြားခဲ့ရပါသည်။ ထိုက်သင့်သော စာသင်ခန်းထဲမှ ပညာရပ်များကို သင်ကြားခြင်းဖြင့် ဘာသာစုံတို့အပေါ် စေ့ငုမိသော အတွေးအခေါ် အယူအဆများကို အခြေခံအားဖြင့်ရရှိမည်ဖြစ်သည်။ ပညာတတ်မှတစ်ဆင့် ကူးသော ပညာရှိတို့ပို၍ တောက်ပြောင်လေ့ရှိကြပါသည်။ Educated ဖြစ်ရန် Graduated ဖြစ်လျှင်ပို၍ 'ကိုယ်လုံ' သည်ဟု ကောက်ချက်ချနိုင်မည်ဖြစ်သည်။ ပါရမီရှင် လူတော်များ အခြေခံအတန်းပညာသင်ကြားခွင့်မရှိဘဲ Educated ဖြစ်လာသူတချို့ရှိသော်လည်း အများစုမှာ လူတော်၊ ပါရမီရှင်များမဟုတ်၍ Graduated ဖြစ်ရန် ဦးစွာ လိုအပ်ပါသည်။

အတန်းပညာမှာပင်လျှင် ခေတ်နောက်ပြန်ဆွဲသော၊ အဆင့်အတန်းမမီသော ပညာကိုသင်ကြားခဲ့ရသူ Graduate များမှာ ပေမမီ ဒေါက်မမီ Graduate များနှင့် ယှဉ်လျှင် သိမ်ငယ်ကြရသည်ကို သတိထားသင့်ကြသည်။ အမေရိကန်တွင် သင်ရိုးများကို နှစ်နှစ်၊ သုံးနှစ်တစ်ကြိမ်ပြောင်းလဲ၍ ခေတ်နှင့်ယှဉ်ကာ သင်ကြားမှု အတတ်ပညာများကိုတိုးမြှင့်နိုင်ခဲ့၍ ထိပ်တန်းကမ္ဘာ့နိုင်ငံဖြစ်သွားသည်မှာ ပညာတန်ဖိုးကို ပြဆိုခြင်းဖြစ်သည်။

သင်ရိုးညွှန်းတမ်းတွင် မပါဝင်သော ပြင်ပစာပေသည်လည်း ထားတတ်လျှင် တန်ဖိုးကြီး၏။ အပျော်ဖတ်အနေဖြင့် 'ဖတ်ပြီးပြီးရော' သဘောထားလျှင် 'မဖတ်သူ' နှင့် ဘာမှခြားနားမည်မဟုတ်၊ 'စာစုံတွင်တန်ဖိုးစုံ' ရှိ၏။ တချို့စာဖတ်ကြ၏။ တချို့စာဖတ်အားနည်းကြသည်။ စာဖတ်သူများက အသိမကြေညက်ကြ၊ လက်တွေ့အသုံးမချတတ်ကြ။ များသောအားဖြင့် တိုက်ရိုက်အသုံးချနိုင်မှုနည်းပါး၍ မိမိအတွေ့အကြုံနှင့် ပေါင်းစပ်ကာ လိမ္မာပါးနပ်စွာ ပြုပြင်ပြောင်းလဲကြရလေ့ရှိသည်။ Compromise လုပ်ခြင်းဖြစ်သည်။ 'လျော်ညီစွာဆောင်ရွက်ရမည်' ဆိုသောအသိပင်

mgyoe.com

'သိခြင်း' တစ်မျိုးဖြစ်သည်။ ရှုထောင့်စုံကမစဉ်းစားဘဲ၊ ဖြစ်လာမည့် Consequences နောက်တွဲပြဿနာများကို မမျှော်လင့်ဘဲ သီအိုရီနှင့် စာပါအတိုင်း ဆောင်ရွက်လျှင် အကယ်စင်စစ် 'အသိနည်း' သူသာဖြစ်ပေလိမ့်မည်။ 'တတ်သူ' သာဖြစ်၍ သိသူအဆင့်မဟုတ်ချေ။ တန်ဖိုးတစ်ခုကို ရယူနိုင်သူမဟုတ်ချေ။

အတွေ့အကြုံသည်လည်းထားတတ်လျှင် တန်ဖိုးကြီး၏။ အတွေ့အကြုံရအောင် လက်တွေ့လုပ်ကြည့်ခြင်းသည် ကောင်းမွန်သော်လည်း ကျယ်ပြန့်များမြောင်သော အတွေ့အကြုံကို လက်တွေ့သာယူနေရလျှင် ဘဝပေါင်းများစွာ ရင်းနှီးလျှင်ပင် ကုန်နိုင်မည်မဟုတ်၊ အသက်ငါးဆယ့်တန်း၏ 'ကိုယ်တွေ့' အတွေ့အကြုံများကို အသက် 'သုံးဆယ်' က 'ကိုယ်တွေ့' ဘယ်တော့မှ ရနိုင်မည်မဟုတ်ချေ။ ကြီးသူတို့၏ 'ဆုံးမ' စကားမှ ထုတ်နှုတ်မျှော်မှန်း၊ ပြင်ဆင်ခြင်းအားဖြင့် ယူတတ်လျှင် ငယ်ရွယ်စဉ်မှာပင်ရ၏။ ယူတတ်ဖို့သာလိုသည်။ ယူတတ်လျှင်တန်ဖိုးဖြစ်၏။ ကြီးသူတို့၏ 'အတွေ့အကြုံ' 'အတွေးအခေါ်' တို့ကို 'သက်ကြီးစကား သက်ငယ်' ဖြင့် ယူတတ်သူအတွက် အချိန်ကို မရပ်တန့်နိုင်ဟူသော စကားပုံကို ပညာရှိစွာ ပြုပြင်နိုင်သူတစ်ဦးဖြစ်လာပါလိမ့်မည်။ အချိန်ကိုရပ်တန့်နိုင်သည့်ပြင် အချိန်ကိုဆွဲဆန့်နိုင်သူများအဖြစ် စွမ်းရည်တိုးလာပါလိမ့်မည်။

အတွေးအခေါ်အယူအဆများသည် မိမိတွေ့ကြုံခဲ့ရသော၊ ဖြတ်သန်းခဲ့ရသော ဘဝနှင့်ယှဉ်၍ တစ်ဦးနှင့်တစ်ဦး ကွဲပြားစွာဖြစ်ပေါ်ရရှိလေ့ရှိကြသည်။ တစ်ဖက်စွန်းကျသူများမှတစ်ပါး လူတိုင်း၏ အသိဉာဏ်တွင် အမှန်နှင့်အမှားကို ခွဲခြားနိုင်သော စွမ်းရည်ထူးရှိနေပြီးဖြစ်သည်။ 'ရင့်ကျက်မြင့်မားသော' အတွေးအခေါ် အယူအဆများကိုလည်း 'ကြီးသူ' များနှင့် ဆွေးနွေးခြင်းဖြင့် ငယ်သူတို့က အချိန်ကုန်ခံပြီး ရှာနေစရာမလို၊ လက်ဆင့်ကမ်း၍စုဆောင်းနိုင်သည်။ လူတိုင်း အသက်ငါးဆယ်ရောက်လျှင် ထိုက်သင့်သော အသိ၊ အတွေး၊ အတွေ့အကြုံများရကြ၏။ ထိုအသက်အရွယ်ရောက်မှရလျှင် ဘာမှထူးခြားမည်မဟုတ်၊ ဆယ်နှစ်စောစော၍ရသူတစ်ဦးသည် ဆယ်နှစ်စာရှေ့ရောက်သည်ဟု ယူဆနိုင်ပြီး စွမ်းရည်ပိုသူဟု မှတ်ချက်ပေးနိုင်မည်ဖြစ်သည်။ 'အချိန်တန်ဖိုး၊ အသိတန်ဖိုး' များကို ပြည့်ဝစွာ ရသူတစ်ဦးဟုလည်း ချီးကျူးနိုင်မည်ဖြစ်သည်။

ပညာနှင့်အတွေ့အကြုံအတွက် ယနေ့လူငယ်များသင်တန်းတက်ကြခြင်းမှာ ကောင်းသောလက္ခဏာဟု ဆိုနိုင်ပါသည်။ အလုပ်လျှောက်ထားရာတွင် သင်တန်းမျိုးစုံတို့မှ Certificates များတင်ပြနိုင်သည်ကို တွေ့ရသော်လည်း လက်တွေ့ပိုင်းဆောင်ရွက်ရာတွင် ကျွမ်းကျင်စွာအသုံးမချနိုင်ကြောင်း ဝမ်းနည်းဖွယ်ရာ တွေ့ရ

mgyee.com

mgyoe.com

ပါသည်။ 'ပိုးသာကုန် မောင်ပုံစောင်းမတတ် 'သကဲ့သို့ဖြစ်နေပြီး 'ငါးသိုင်းများသော ကြောင့်ဟင်းဟုံ ' နေခြင်းလည်း ဖြစ်ပါသည်။ ငယ်ရွယ်စဉ်တွင် အတွေ့အကြုံ မရှိသေး၍ Specialize၊ ဘာသာရပ်အလိုက်ကျွမ်းကျင်သင့်ပြီး၊ အတွေ့အကြုံနှင့် အသက်အရွယ်ပေါင်းဖက်ကာ တဖြည်းဖြည်းဦးဆောင်သူဖြစ်သည့် အချိန်ကျမှ Generalize ဖြစ်သင့်ကြသည်။ Specialist များသည် တစ်ခုသောလုပ်ငန်းအတွက် သာ တာဝန်ရှိပြီး၊ Expertise ဟူသော ဆိုင်ရာပညာရပ် အသုံးချကျွမ်းကျင်မှု အတွက်သာ တာဝန်ရှိကြရသည်။ ဦးဆောင်သူဖြစ်သည့်အခါ လုပ်ငန်းတစ်ခုလုံး အောင်မြင်နိုင်ရေးအတွက် လုပ်ငန်းခွဲများကို သင့်လျော်သလို ပဲ့ထိန်းရင်း အောင်မြင် ရန် ဆောင်ရွက်ရာတွင် ရှုထောင့်စုံကို အမြင်ရှိရသည့်အပြင် အနာဂတ်အရေးကိုပါ ထည့်သွင်းတွက်ချက်ရသဖြင့် မဖြစ်မနေ Generalization ဘက်သွားရမည် ဖြစ်သည်။

ဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ သတင်းအချက်အလက်များ ကူးလူး ဆက်ဆံ မှုမြန်ဆန်သဖြင့် ကမ္ဘာ့ရွာကြီး ဖြစ်မှန်းမသိဖြစ်လာသော ယနေ့ Globalizationတွင် အမြင်သည်လည်းတန်ဖိုးကြီး၏။ အမြင်မရှိသူတစ်ယောက် ယနေ့ အောင်မြင်နေ သော်လည်း မနက်ဖြန်ဆက်လက်အောင်မြင်မည်ဟု အာမခံချက် မရှိနိုင်ချေ။ Computer များ၏အရေးပါမှု၊ ရုံးတိုင်းကွန်ပျူတာ မလွဲမသွေ အသုံးချရမည့် အခြေအနေကို ကြိုတင်မြင်နိုင်ခဲ့သော Bill Gate သည် စားပွဲတိုင်းပေါ် ကွန်ပျူတာ တစ်လုံးစီရှိရမည်ဟူသော Vision ဖြင့် Microsoft ကုမ္ပဏီကို တည်ထောင်ခဲ့ခြင်းဖြစ် သည်။ ထိုသို့ကြိုတင်မြင်နိုင်ခဲ့သော Bill Gate သည် ၎င်း၏အမြင်နှင့်ကြိုးစားမှုကပင် ကမ္ဘာ့အချမ်းသာဆုံးသူဌေးအဖြစ် အမြင်စူးရှမှု၏ ပေးဆပ်မှုရလဒ်ကို ခံစားခဲ့ရခြင်း ဖြစ်သည်။

အရာရာသည် 'ထားတတ်လျှင်တန်ဖိုး'ဖြစ်သော်လည်း ကြည့်တတ်ဖို့လိုပေ သည်။ ထို့ကြောင့် တစ်ချိန်က စာရေးဆရာ၊ သတင်းစာဆရာကြီးတစ်ဦးက 'ကြည့် သောသူမြင်၏ ' ဟု ရေးခဲ့ခြင်းဖြစ်သည်။ ကြည့်ကား ကြည့်သော်လည်း မမြင်ကြသူ များ အများအပြားရှိပါသည်။ မျက်စိ၏ပသာဒအနေဖြင့်ကြည့်သူများ တန်ဖိုးအမှန်ကို သိနိုင်မည်မဟုတ်၊ မျက်လုံးမှတစ်ဆင့် အရာရာကိုစေခိုင်းသော ဦးနှောက်သို့ပို့နိုင်ပါမှ တန်ဖိုးအမှန်တို့ ရနိုင်မည်ဖြစ်သည်။ မည်မျှဝီရိယရှိသည်၊ မည်မျှထိရောက်အောင် လုပ်ဆောင်နိုင်သည်ဟူသောလုပ်ရပ်များက ထပ်ဆင့်တန်ဖိုးများကို ပေး၏။ အမြင် မရှိသူများ အနာဂတ် မသေချာသော်လည်း၊ အမြင်ရှိသူများ အနာဂတ်ရှိကြရ လေ့ရှိသည်။ အမြင်ရှိသူများ ကြီးကျယ်စွာ မဖြစ်ထွန်းသည့်တိုင် အခြေအနေမဲ့

mgyoe.com

mgyoe.com


မျိုးဖြင့်တော့ ရင်ဆိုင်ရတတ်လေ့မရှိနိုင်။

ယနေ့ခေတ်သစ်သည် ရှေးရိုးအစဉ်အလာအတိုင်းတွေးခေါ်ပြီး ဘဝ တည်ဆောက်၍မရတော့ချေ။ ဘဝတစ်ခု၏ အရေးကြီးသော ပညာ၊ အမြင်၊ အတွေ့အကြုံစသော တန်ဖိုးမြင့်များကို အသိဖြင့်ပေါင်းဖက်ကာ စွမ်းအားပြည့် ထုတ်နှုတ် သုံးစွဲကာမှ တန်ရာကျသောခေတ်ဖြစ်ပေသည်။ တိမ်တိမ်တွေးသူတစ်ယောက်သည် တစ်ရက်နှစ်ရက် ဘာမှမထူးခြားသော်လည်း နက်နက်တွေးခေါ် ဘဝတည်ဆောက်သူများနှင့် နှစ်ဆယ်ဂဏန်းတစ်ခုရောက်လျှင် အဝေးကြီးနောက်မှာ ကျန်ခဲ့မည်ဖြစ်သည်။ အသိအမှန် ပြန်ရသည့်ခဏ ကြိုးစားသော်လည်း ခေတ်၏အခြေအနေကြောင့် ပြန်၍လိုက်မီရန် မဖြစ်နိုင်တော့သည့် ခေတ်မျိုးလည်းဖြစ်သည်။

တစ်ချိန်က မြန်မာ့သမိုင်းတွင် သာလွန်မင်းတရားကြီး တိုင်းခန်းလှည့်လည်ရာ၌ အခြေထိရောက်၍ ဆင်းရဲသူမ ထမင်းငှဲ့သည်ကိုတွေ့ရာ ထိုဖြစ်ရပ်ကို မင်းတရားကြီးတန်ဖိုးထားခဲ့၏။ အချည်းအနှီးမဲ့ ထမင်းရည် မြေထဲဝင်သည်ထက် 'ဝက်' ကျွေးလျှင် မထိရောက်ဖူးလားဟူသော အဆုံးအမသည် ဆင်းရဲသူတို့အပေါ် အမြင်လည်းဖွင့်ပေးရာ ရောက်ခဲ့သည်။ သာမန်ဖြစ်ရပ်ကိုပင် မင်းတရားကြီးတန်ဖိုးထားခဲ့၍ ပြည်သူတို့ကို စနစ်တကျသုံးစွဲတတ်ရန် သွန်သင်နိုင်ခဲ့ခြင်းသည် တိုင်းပြည်စည်ပင်စေခဲ့သော အကြောင်းထဲမှတစ်ရပ်ဖြစ်ခဲ့ပေသည်။ နေနိုင်သော 'မင်း' ပင်လျှင် အကြောင်းခြင်းရာတို့အပေါ် တန်ဖိုးထားနိုင်ခဲ့သေးလျှင် ကိုယ့်ဘဝကိုယ် ပဲ့ကိုင်နေကြရသော ယနေ့သာမန်လူတို့ အရာရာကို တန်ဖိုးထားသင့်ကြသည်။ **Seminar** တစ်ခုတွင် ချမ်းသာသောသူများ ပိုအလုပ်လုပ်ကြသည်ဟု ဆွေးနွေးဖူး၏။ အလုပ်အပေါ်၊ အလုပ်လုပ်ခြင်းအပေါ် ပို၍တန်ဖိုးထားခြင်းဟု နားလည်နိုင်မည်ဖြစ်သည်။

တစ်ချိန်က မိဖုရားတစ်ပါးသည် 'ပေါင်တို' ကိုမြင်သည့်တစ်ခဏ နှစ်သက်၍ နန်းတော်မှဆင်းကာ အိမ်ထောင်ပြု၍ 'ပေါင်တိုမယား' ဖြစ်ခဲ့ဖူးသည်။ မိဖုရားသည် ပြောင်းလဲမှုမရှိ၊ မင်းနှင့်ညား၍ မိဖုရားတန်ဖိုးမှ 'ပေါင်တိုမယား' တန်ဖိုးသို့ 'တန်ဖိုး' သာ ပြောင်းလဲသွားခြင်းဖြစ်သည်။ ထင်ရှားရန် ဥပမာပေးခြင်းသာဖြစ်၍ အရာရာတိုင်းတွင် သူ့တန်ဖိုးရှိကြသော်လည်း ခံယူသူ၊ ဆက်ခံသူတို့အပေါ် မူတည်၍ တန်ဖိုးခြားနားသွားနိုင်ခြင်းကိုသာ ထင်ရှားစေလိုခြင်း ဖြစ်ပါသည်။ တန်ဖိုးကို ထားတတ်ရန်သာ လို၍ တန်ဖိုးအမှန်ကို အကဲဖြတ်ကြည့်တတ်ရန်သာ လိုပေသည်။

❖

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# ရှိသေလေးစား၊ ချစ်ခင်၊ ကိုးကွယ်

14th Jan 2004

မြန်မာ့စကားတွင် 'ရှိသေ၊ လေးစား' 'ကိုးကွယ်၊ ဆည်းကပ်' ဟူသော အသုံး ကို တွင်ကျယ်စွာတွေ့ရတတ်သည်။ သူ့တန်ဖိုးနှင့်သူ၊ သူ့အဆင့်နှင့်သူဖြစ်သည်။ အလွယ်တကူ သုံးလေ့သုံးထရှိသော်လည်း ကာယကံရှင်များတွင် ထိုသို့ အရည် အချင်းရှိ၊ မရှိနှင့် သုံးစွဲသူများပင်လျှင် အလုံးစုံတို့ကို သတိမူမိကောင်းမှမူမိကြမည် ဖြစ်သည်။ ချစ်စရာကောင်းသော မြန်မာ့ယဉ်ကျေးမှုအရ အရွယ်ရလာကြသည်နှင့် ရှိသေမှုကို အထိုက်အလျောက် ရလာနိုင်ကြပေသည်။ ရာထူးအားဖြင့်လည်းကောင်း၊ အသက်အားဖြင့်လည်းကောင်း၊ မြန်မာလူမျိုးတို့ ကြီးသူကို ပြည့်ဝစွာအရှိအသေ ပေးကြချေသည်။

မြို့နှင့်အလှမ်းဝေးသော တောဓလေ့တွင် အသက်ကြီးသူတို့ကို ဦးထိပ်ထား၍ အဆုံးအဖြတ်၊ အဆုံးအမတို့ကို ခံယူသည့်ဓလေ့ ယနေ့ထက်တိုင် ရှိနေကြပေသေး သည်။ မြို့တွင်းယဉ်ကျေးမှုတွင်ပင်လျှင် အသက်ကြီးသူတို့၏ရှေ့ကို ဖြတ်လျှင် ခေါင်းငုံ့၊ ဦးညွှတ်သည့် ချစ်စရာဓလေ့အချို့ ကျန်ရစ်နေပါသေးသည်။ အသက်ကြီး၍ အရှိအသေကိုရသည်ထက် ကိုယ်ကျင့်တရားဖြောင့်မတ်၍ ရသော အရှိအသေက ပို၍တန်ဖိုးကြီးပါ၏။ ကိုယ်ကျင့်တရားလည်း ပြည့်စုံပြီး အရည်အသွေး တောက် ပြောင်မှုကြောင့်ရသော အရှိအသေကပို၍ ထိုက်သည်ဟုဆိုချင်ပါ၏။ လူငယ်များ၏ ရှိသေမှုမှသည် လေးစားမှုသို့ ကူးပြောင်းခံထိုက်မည်ဖြစ်သည်။ ယဉ်ကျေးမှုကြောင့် အလိုအလျောက်ရသော ရှိသေမှုထက် မိမိ၏ပုဂ္ဂလိက အရည်အချင်းကြောင့်ရသော ရှိသေ၊ လေးစားမှုကပို၍ တန်ဖိုးထိုက်ခြင်းဖြစ်သည်။ ရှိသေခြင်းသည် အစဉ်အလာကို လိုက်နာခြင်းသာဖြစ်၍ လေးစားခြင်းသည် ကိုယ်ပိုင်အရည်အသွေးကို ဦးညွှတ်ခြင်း ဖြစ်သည်။ အသိအမှတ်ပြုခြင်းဖြစ်သည်။

mgyoe.com

mgyoe.com

သာမန်အားဖြင့် ဆရာများသည် ရိုသေလေးစားမှုကို ခံယူထိုက်ခံယူအပ်သော အနန္တဂိုဏ်းဝင်များ ဖြစ်ကြလေ့ရှိကြသည်။ ဆရာများထဲမှအများစုမှာ ရိုသေ၊ လေးစားမှုကို ရရှိကြသော်လည်း အချို့အရေအတွက် အနည်းငယ်မျှသောဆရာတို့ ပုဂ္ဂလိက အရည်အသွေးချို့ငဲ့ကြ၍ လေးစားမှုကို မရကြရာချေ။ တပည့်များနှင့် အရက်အတူသောက်၊ ကာရာအိုကေအတူသွား၍ ရန်ဖြစ်လျှင်ပင် ပါဝင်တတ်ကြသော ဆရာအချို့ကို အံသြဖွယ်ကောင်းလောက်အောင် တွေ့ရသည်ဟု ဆိုရမည်။ ဆရာဟူသောဂုဏ်ပုဒ်ကြောင့် ရိုသေမှုကိုရနိုင်မည်ဖြစ်သော်လည်း တပည့်များ၏ လေးစားမှုကို ခံယူရရှိနိုင်မည်မှာ မသေချာလှပါ။

ရိုသေခြင်း၊ လေးစားခြင်းသည် ဂုဏ်ပုဒ်နှင့် အခြေခံသော အကြောင်းရင်းများ မတူကြသလို 'ချစ်ခင်မှု' လည်းကွဲပြားပါသည်။ ပြည့်ဝသော၊ အများအတွက် ကိုယ်ကျိုးစွန့်တတ်သူများကို ယေဘုယျအားဖြင့် ချစ်ခင်လေ့ရှိကြပါသည်။ သက်ရောက်မှုအတွက် တန်ပြန်သက်ရောက်မှုတစ်ခုဖြစ်ပြီး၊ ဗုဒ္ဓဘာသာအလိုအရ 'သူ့မေတ္တာ၊ ကိုယ့်မေတ္တာ'လည်း ဖြစ်ပေသည်။ ရိုသေ၊ လေးစားခြင်းခံရသူတိုင်း အလိုအလျောက် 'ချစ်ခင်မှု' ကို ရရှိမည်ဟု မည်သည့်ပညာရှိကမျှ မဟောကြားခဲ့ပါ။ မိဘနှင့်သားသမီး၊ ညီအစ်ကိုမောင်နှမများတွင်သာ 'သွေး' ဟူသည့် သဘာဝအသိ ပေးချစ်ခင်မှုမှာ ငယ်စဉ်ကပင်ရှိနိုင်ခဲ့သော်လည်း ပတ်ဝန်းကျင်နှင့်ဆက်ဆံရသည့် 'သူစိမ်း'များအပေါ် ချစ်ခင်မှုဆိုသည်မှာ မည်မျှ 'နားလည်နိုင်ခြင်း၊ မည်မျှ 'အနစ်နာခံ နိုင်ကြခြင်း၊ မည်မျှ 'ကူညီရိုင်းပင်း' ကြခြင်းမှ အဆုံးအဖြတ်အဖြစ် ရလာကြသည့်ရလဒ်ဖြစ်ပေသည်။ ချစ်သူနှစ်ဦး သဘာဝအလျောက် မေတ္တာမျှ ချစ်ကျွမ်းဝင်သည်မှလွဲ၍ အခြားသူ တစ်ဦးဦးအပေါ် ချစ်ခင်မှုသည် လွယ်လွယ်နှင့်ရနိုင်သော တန်ဖိုးတစ်ခုမဟုတ်ချေ။ ရိုသေလေးစားခြင်း ထက်ပို၍မြင့်သောသံယောဇဉ်လည်းဖြစ်သည်။

ကုမ္ပဏီ၊ အဖွဲ့အစည်းတို့တွင် ဦးဆောင်ကြသူများ၊ ဦးဆောင်နိုင်မှု အရည်အချင်း၊ ခေါင်းဆောင်ကောင်း အရည်အချင်းနှင့် ပြည့်စုံရန်လိုအပ်သည်။ ဦးဆောင်သူတစ်ဦးအနေဖြင့် အောက်လက်၏ ရိုသေ၊ လေးစားမှုကိုမရလျှင် အောင်မြင်သည့် ဦးဆောင်သူတစ်ဦးဖြစ်သည်ဟု ဆိုနိုင်မည်မဟုတ်၊ ထိုမှတစ်ဆင့် ချစ်ခင်မှုကိုရရှိသည့် အခါ ငွေကြေးအမြတ်အစွန်းထက် ပိုမိုသောတန်ဖိုးကို နှစ်ဦးနှစ်ဖက် ရရှိနိုင်ကြမည်ဖြစ်သည်။ အရေးကြုံလျှင် အောက်ခြေမှလည်း အပေါ်လူအတွက် အနစ်နာခံပေးဆပ်ကြမည် ဖြစ်သည်။ စီးပွားရေးရှုထောင့်တစ်ခုထဲမှ တိုင်းတာလျှင်ပင် ရိုသေ၊ လေးစား၊ ချစ်ခင်မှုကိုရသော ဦးဆောင်သူ၏ အဖွဲ့အစည်းနှင့် ဆန့်ကျင်ဘက် အဖွဲ့အစည်းတို့၏ ထုတ်ကုန်ရလဒ်ခြင်း တူမည်မဟုတ်ပါ။ ဈေးကွက်စီးပွားရေး အကယ်ပိပြင်လာ

mgyoe.com

သည့်အခါ၊ အလုပ်အကိုင် ပေါလာသည့်အခါမျိုးတွင် ပို၍သိသာမည်ဖြစ်သည်။ အလုပ်အကိုင်ရှားပါးသည့်အချိန်တွင် မထူးခြားသော်လည်း၊ ရိုသေလေးစား၊ ချစ်ခင်မှုကိုမရသော ဦးဆောင်သူတွင် အလုပ်အကိုင်ပေါများသည့်အခါတွင် အခြေခံဝန်ထမ်းများ မမြဲသည်ကို တွေ့ရမည်ဖြစ်သည်။ 'ပုဂ္ဂိုလ်ခင်၍တရားမင်'ခြင်းသည်ဤ 'ရိုသေ၊ လေးစား၊ ချစ်ခင်မှု' ဟူသောတန်ဖိုးကြောင့်ဖြစ်သည်။

ရိုသေလေးစားသည့်အဆင့်တွင် တစ်ဖက်မှ စွန့်လွှတ်၊ အနစ်နာခံမှု အထိုက်အလျောက်မျှသာ ရှိဦးမည် ဖြစ်သော်လည်း၊ ချစ်ခင်မှုဟူသောအဆင့်တွင် တစ်ဦးနှင့်တစ်ဦး စွန့်လွှတ် အနစ်နာခံမှု အတိုင်းအတာပိုလာပြီ ဖြစ်သည်။ အသက်ကြီးသူများ အရိုအသေကိုရရှိရန် မခက်ခဲသော်လည်း လေးစားမှုကိုရရန်မှု ပုဂ္ဂလိက အရည်အသွေးများလိုအပ်မည်ဖြစ်ပါသည်။ လေးစားမှုသည် အသက်အရွယ်နှင့် ဆိုင်သည်မဟုတ်၊ မိမိထက်ငယ်သော်လည်း 'တော်သည်' ဟု အသိက လက်ခံသည်နှင့်အမျှထိုငယ်သူကိုကြီးသူက 'လေးစားမှု' ရှိလာမည်ဖြစ်သည်။ ထို့ကြောင့် 'လေးစားမှု' သည် အသက်အပိုင်းအခြားက ဆီးတားၡ်မရနိုင်ဘဲ ကိုယ်ပိုင်အရည်အချင်းကသာပဓာနဖြစ်ပြီး အချိန်မရွေး ရနိုင်သောအရာ ဖြစ်ပေသည်။

ရိုသေ၊ လေးစားပြီးမှ တစ်ဆင့်တက်လာသော ချစ်ခင်မှုတွင် တချို့အဆုံးစွန်အထိ ပေးဆပ်မှုဖြင့်ချစ်ခင်မှုကို ဖော်ကျူးကြသည်။ အမိန့်ကိုနာခံရလေ့ရှိသောတပ်မတော်သားများတွင် ရှေ့တန်းတိုက်ပွဲများ၌ ဤချစ်ခင်မှု တန်ဖိုးအရာ ပိုမိုပေါ်လွင်ပါသည်။ မိမိတို့ ရိုသေ၊ လေးစား၊ ချစ်ခင်သော ခေါင်းဆောင်တို့အတွက်ရဲဘော်၊ ရဲဘက်များအသက်စွန့်၍ တိုက်ပွဲဝင်ခြင်း၊ ကယ်တင်ခြင်း၊ စတေးခံခြင်းများသည် မိမိတို့ခေါင်းဆောင်အပေါ် မည်မျှချစ်ခင်ကြောင်းပြသသော ပြယုဂ်များဖြစ်ပါသည်။ ဘုရင့်နောင်ဖောင်ဖျက်နိုင်ခြင်းသည် ရဲဘော်၊ ရဲမက်များ၏ ရိုသေ၊ လေးစားမှုသာမက ချစ်ခင်မှုကိုပါ အပြန်အလှန်ရသောကြောင့် ဖြစ်သည်။ အီရတ်နိုင်ငံအလွယ်တကူကျဆုံးခြင်းမှာ သူတို့ခေါင်းဆောင်အပေါ် ဗိုလ်ချုပ်ကြီးများ၊ ဝန်ကြီးများတကယ် လေးစား၊ ချစ်ခင်မှု မရှိသောကြောင့်ဖြစ်သည်။

ရိုသေ၊ လေးစား၊ ချစ်ခင်မှုရှိလာသည်နှင့်အမျှ ယုံကြည်မှု အပြန်အလှန်ရလာသည့်အခါ ကိုးကွယ်မှုသို့ရောက်ရှိလာပါသည်။ တချို့ ခေါင်းဆောင်တို့အပေါ်ဘဝနှင့်ရင်း၍ပင် အကိုးအကွယ်ပြုကြသည်။ ကိုးကွယ်မှုသည် အဆုံးစွန်သောပေးဆပ်မှုဖြစ်သဖြင့် မျက်ကန်းကိုးကွယ်မှုမဖြစ်ရန် လိုသည်။ အသိနိမ့်စဉ်က ဗုဒ္ဓသာသနာ မထွန်းကားမီ လူတို့ကောင်းနိုးရာရာ၊ စိတ်၏သက်သာမှုပေါ် အခြေပြု၍ ကိုးကွယ်ခဲ့ကြသည်။ အသိဉာဏ်နှင့်ပညာ မပြည့်စုံသေး၍ ကိုးကွယ်မှုများယွင်း

mgyoe.com

mgyoe.com

ခြင်းကို အပြစ်ဆိုဖွယ်မဟုတ်သော်လည်း၊ ယနေ့ခေတ် အရာရာတိုင်း၊ ကောင်းဆိုးကို သိနိုင်သောခေတ်တွင် ကိုးကွယ်မှုမမှားရန်လိုသည်။ ဗုဒ္ဓလက်ထက်က ပညာမြင့်၍ အသိရှိသူများဗုဒ္ဓကို ကိုးကွယ်ဆည်းကပ်ကြသော်လည်း၊ အဇာတသတ်နှင့် နောက်လိုက်များ မျက်ကန်းကိုးကွယ်မှုဖြင့် ဒေဝဒတ်နောက်လိုက်ကြသော သာဓက ရှိခဲ့ဖူးသည်။ အမှားအမှန် မချင့်ချိန်နိုင်သူတို့ ဖြစ်တတ်သောသဘာဝ ဖြစ်သည်။

တစ်ချိန်က စာစောင်၊ မဂ္ဂဇင်းတို့တွင် ကိုးကွယ်သူ ရာနှင့်ချီသောအရေအတွက်မှာ ကိုးကွယ်ခံရသူ၏ အယူမှား၊ လမ်းပြမှားမှုကြောင့် အဆိပ်ခွက်ကိုသောက်၍ မိမိကိုယ်ကို စတေးခံခဲ့ကြသည့် သတင်းဖော်ပြခဲ့ဖူးသည်။ အဆင့်ခြင်မဲ့ မျက်ကန်းကိုးကွယ်မှုဖြစ်သည်။ 'ပုဂ္ဂိုလ်ခင်၍တရားမင်ခြင်း' တစ်မျိုးဖြစ်သော်လည်း မှားသောတရားသာဖြစ်သည်။ သန်းပေါင်းခြောက်ထောင်ကျော်သော လူသားအားလုံးသည် အလုံးစုံ ပညာတတ်၍ အားလုံး အသိရှိကြသည်မဟုတ်ချေ။ အကိုးကွယ်ခံသူတို့မှာ အသိနိမ့်သောသူများကိုစည်းရုံး၍ မှားသောလမ်းစဉ်များဖြင့် ကိုးကွယ်ကြသူတို့၏ အသိဥာဏ်စွဲစေကာ လိုရာကြိုးဆွဲတတ်လေ့ရှိကြသည်။ ဘာသာရေး၊ နိုင်ငံရေး၊ လူမှုရေးတွင် ကိုးကွယ်ခံရသူနှင့် ကိုးကွယ်သူ လူတန်းစားဟူ၍ ခေတ်အဆက်ဆက်ရှိခဲ့သည်။ ဆက်လက်၍လည်း ရှိနေဦးမည် ဖြစ်သည်။ ယုံကြည်ကိုးကွယ်မှုတွင် 'ပြင်းအား' အရာ၌ ဘာသာရေးတွင် ပိုမိုပြင်းထန်ပြီး၊ နိုင်ငံရေးလမ်းစဉ်အပေါ် ယုံကြည်ကိုးကွယ်မှုသည် ဒုတိယပြင်းအားအရှိဆုံးဖြစ်သည်။

မအောင်မြင်သော ကွန်မြူနစ်၊ ဆိုရှယ်လစ် လမ်းစဉ်များကို ကိုးကွယ်သည့်အဆင့်ဖြင့် ယုံကြည်ကြသူများ ယနေ့ဒုက္ခရောက်ကြရသော်လည်း၊ ဆက်လက်ဆည်းကပ်ကိုးကွယ်မြဲဖြစ်နေကြသည်ကို တွေ့ရသည်။ သီအိုရီအရ အားကျဖွယ်ဖြစ်သော်လည်း လက်တွေ့တွင် တည်ဆောက်၍ မရနိုင်သောအရာကို မမြင်နိုင်ကြ၍ ဖြစ်သည်။ ကွန်မြူနစ်တွင် မိဘမရှိခြင်း၊ ဘုရားမရှိခြင်းသည် လူ၏တန်ဖိုးကို ထည့်သွင်းမစဉ်းစားခြင်းသာ ဖြစ်သည်။ မဇ္ဈိမပဋိပဒါကို မလိုက်နာခြင်းဖြစ်သည်။ အစွန်းနှစ်ပါးအနက် တစ်ပါးပါးကိုဖက်တွယ်ခြင်းသာ ဖြစ်သည်။ တဖြည်းဖြည်းအသိမြင့်လာသော ယနေ့လူနေမှုအဖွဲ့အစည်းတွင် ယေဘုယျအားဖြင့် အမှားအမှန်ကို ခွဲခြားနိုင်ပြီ ဖြစ်သော်လည်း၊ အများစုမှာ အရှည်မကြည့်နိုင်ကြသေးသည်ဖြစ်၍ ကိုးကွယ်မှုမှားယွင်းလျက် ရှိနေကြပေသေးသည်။

ကိုးကွယ်မှုအဆင့်တွင် ကိုးကွယ်ခံရသူတို့သည် ကိုးကွယ်သူတို့အပေါ် ရိုသေ၊ လေးစား၊ ချစ်ခင်သူတို့ ထက်ပို၍သြဇာကြီးကြသည်။ အသိနိမ့်သူတို့က ပုဂ္ဂလိကအရည်အချင်းများကို မလေ့လာကြတော့ဘဲ တချို့လိုအပ်ချက်၊ ဆန္ဒများကို ဖြည့်

mgyoe.com

mgyoe.com


ဆည်းနိုင်ရန် ကိုးကွယ်မှုကိုရှာကြရာမှ အရည်အချင်းမဲ့ ကိုးကွယ်ခံရသူများ ပေါ်ထွက်လာကြပေသည်။ များသောအားဖြင့် စိတ်ဓာတ်မခိုင်မာသူ၊ ပညာနည်းသူ၊ အသိမဲ့သူနှင့်ဒုက္ခရောက်သူများ ကိုးကွယ်မှုမှားရင်း ပို၍ဒုက္ခရောက်ခဲ့သောသာဓကများကို တွေ့ရမည်ဖြစ်သည်။ အမှားချင်းတူသော်လည်း ဟစ်တလာလို လူမျိုးကို ကိုးကွယ်ရသည်က ဘာမှမဟုတ်သော ဗေဒင်ယောင်ယောင်၊ ဆရာယောင်ယောင်ကို ကိုးကွယ်ရသည်ထက် မြတ်သေး၏။

မည်သို့ဆိုစေ၊ ကိုးကွယ်ခံရသည့်အဆင့်၌ သမိုင်းစာမျက်နှာကြီးကို သတိပြုသင့်သည်။ "အမှန်တရား တည်မြဲသည်" ဟူသောအဆိုကို လက်ခံလျှင် မည်သို့အကြောင်းကြီးငယ်ဖြင့် ကိုးကွယ်ခံရသူ ဖြစ်လာသူများ အလေးအနက် စဉ်းစားရန်ဖြစ်သည်။ ဗုဒ္ဓက 'သဒ္ဓါလွန်၊ ကျွန်ဖြစ်' ဟူသော ဆုံးမစကားကို ထားခဲ့သည်မှာ မမှားရန် ဖြစ်ပါသည်။ သဒ္ဓါသည် ရှိအပ်သောအရာဖြစ်သော်လည်း ပညာဖြင့် မချင့်ချိန်နိုင်ပါက ကိုးကွယ်သူဖြစ်မှန်းမသိ ဖြစ်လာကာ တစ်ဖက်၏ ဩဇာလွှမ်းမိုးမှုကို ခံတတ်ရပါသည်။ အရည်အချင်းအမှန်ရှိသူကို ကိုးကွယ်ခြင်းအားဖြင့် အပြန်အလှန် ကျေးဇူးပြုမှုရရှိစေသော်လည်း အတုအယောင်ကို ကိုးကွယ်ဆည်းကပ်ပါက ပစ္စုပ္ပန်ရော၊ သံသရာပါ၊ ကောင်းမည်မဟုတ်ချေ။ ဆရာအ ၊င်များ ကိုးကွယ်လွန်ခဲ့၍ ဒေဝဒတ်နှင့်နောက်လိုက်များ အဖန်ငါးရာငါးကမ္ဘာ ငရဲမှာလားခဲ့ရသလို ဆွမ်းခံကြွသော ဘုန်းကြီးတုကို သဒ္ဓါလွန်ခဲ့၍ မယားပါသွားသောဖြစ်ရပ်များလည်း မနည်းချေ။

တစ်ဦးနှင့်တစ်ဦး ရိုသေ၊ လေးစား၊ ချစ်ခင်မှုသည် ကောင်းသောအလေ့စရိုက်ဖြစ်သော်လည်း ကိုးကွယ်ဆည်းကပ်မှုတွင် ပညာမနည်းကြရန် လိုသည်။ စေတနာ၊ သဒ္ဓါတို့ကိုလည်း ပညာနှင့်ချိန်၍ သုံးစွဲတတ်ရန်လိုပြီး၊ လေးစားကိုးကွယ်မှုတို့အတွက် မှန်ကန်သောအရည်အချင်း တကယ်ရှိရန်လိုသည်။

❖

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# လီစင်လုံးသို့မဟုတ် စင်ကာပူ၏ အနာဂတ်ကြယ်ပွင့်

26th January 2004

လီစင်လုံး (သို့မဟုတ်) ဝါရင့် စင်ကာပူဝန်ကြီးလီကွမ်ယု၏သား (သို့မဟုတ်) စင်ကာပူနိုင်ငံ၏ မျိုးဆက်သစ်နှင့် မကြာမီတောက်ပလာမည့် ကြယ်တစ်ပွင့်ဟု အများက မှတ်ချက်ချထားသူဖြစ်သည်။ လောလောဆယ် စင်ကာပူနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်ဖြစ်ပြီး ဝန်ကြီးချုပ် ဂိုချောက်ထောင်ကပင် သတ်မှတ်ချိန်ထက်စောစွာ တာဝန်လွှဲပြောင်းပေးခြင်း ခံရမည့်သူဖြစ်ပြီး သူ့လက်ထက် စင်ကာပူနိုင်ငံ၏ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးနှင့် နိုင်ငံတကာအသိုက်အဝန်းတွင် မည်သို့အခင်းအကျင်းဖြင့် ဦးဆောင်မည်ကို စိတ်ဝင်စားစွာ အာရုံပြုခံရသူလည်း ဖြစ်သည်။

လောလောဆယ် နိုင်ငံရေးကျွမ်းကျင်သူများ၏ လီစင်လုံးအပေါ် သဘောထားအမြင်မှာ ကျေနပ်ဖွယ်ရာနှင့် အပြုသဘောဆောင်နေပါသည်။ ပြောင်းလွယ်ပြင်လွယ်ရှိသူ၊ တင်းကြပ်သော ချုပ်ကိုင်မှုများကို လျှော့ပေးမည့်သူ၊ ပိုမိုပွင့်လင်းမှုကို လက်ခံသူ၊ တီထွင်ဆန်းသစ်သော အတွေးအခေါ်ရှိသူ၊ လူသားအရင်းအမြစ်၏ တန်ဖိုးကို မြှင့်တင်မည့်သူ စသည်ဖြင့် ကောင်းသော ဂုဏ်အင်္ဂါများနှင့်သာ ပြည့်လျှမ်းနေပါသည်။ စင်ကာပူနိုင်ငံအတွက် မွေးဖွားသူ၊ အလုပ်အတွက်ရှင်သန်လာသူဟုပင် တင်စားနေကြပါသည်။ ဖခင်ကဲ့သို့ ထက်မြက်သူ၊ စွမ်းရည်ရှိသူနှင့် ခပ်ဘွင်းဘွင်း ပြောတတ်သူလည်း ဖြစ်သည်။

(၂၀၀၄) ခုနှစ်ထဲတွင် စင်ကာပူကျွန်းနိုင်ငံလေး၏ ဝန်ကြီးချုပ်ရာထူးကို လွှဲပြောင်းတာဝန်ထမ်းဆောင်မည့် လီစင်လုံးမှာ (၁၉၆၀) ခုနှစ်၊ သူ့ဖခင် လီကွမ်ယု လက်ထက်ကနှင့်မတူသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများဖြင့် ရင်ဆိုင်

mgyoe.com

mgyoe.com

ရမည်ဖြစ်သည်။ လူဦးရေ၊ စီးပွားရေးအခြေအနေ၊ မျိုးဆက်သစ်များ၏ အတွေးအခေါ်များမှာ သူ့ဖခင်လက်ထက်ကနှင့် လွန်စွာ ကွဲပြားနေခဲ့ပြီးဖြစ်ကြောင်း နိုင်ငံရေးသိပ္ပံသမား Suzaima Kadir ကသုံးသပ်ပြပြီး သူ့ဖခင်၏ အုပ်ချုပ်မှုပုံစံနှင့် ကွဲပြားခြားနားစွာ ထွက်ပေါ်လာမည်ဖြစ်ကြောင်း မှတ်ချက်ပေးထားပါသည်။ စင်ကာပူ၏ အောင်မြင်မှုများမှာ ဝါရင့်ဝန်ကြီးလီကွမ်ယု၏ ဦးဆောင်မချွံမှုများကြောင့် ဆိုသည်ကို စင်ကာပူနိုင်ငံသားများ၏ ရင်ထဲမှာ ထာဝရရှိနေမည်ဖြစ်သည်။ (၁၉၆၅) မလေးရှားနိုင်ငံမှခွဲထွက်၍၊ သံမဏိစိတ်ဓာတ်ပိုင်ရှင် လီကွမ်ယုက စက်မှုခေတ်၊ ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းများအပေါ်အခြေခံ၍ ပညာတတ်လူတန်းစားများဖြင့် စင်ကာပူကို ချမ်းသာအောင် ဆောင်ကြဉ်းခဲ့သည်။

အောင်မြင်မှုနှင့် ချမ်းသာမှုအတွက် တန်ဖိုးတစ်ခုကိုတော့ ပြည်သူများက ပြန်ပေးခဲ့ရပါသည်။ လီကွမ်ယု ဦးဆောင်ခဲ့သော PAP (Peoples' Action Party) ကို အလွန်အကျူး အတိုက်အခံပြုခွင့်မရှိကြဘဲ PAP ပါတီ၏ ဦးဆောင်မှုအောက်တွင်သာ စောင့်ရှောက်မှုကို ခံခဲ့ကြရသည်။ မကြာသေးမီသော နှစ်များအတွင်း လက်ရှိဝန်ကြီးချုပ် ဂိုချောက်ထောင်လက်ထက်တွင် နိုင်ငံရေးအရ တင်းကြပ်မှုများကို အတန်ငယ် လျှော့ပေးလာသည်။ ဂိုချောက်ထောင်၏ ဝန်ကြီးချုပ်ရာထူး လီကွမ်ယုဆီမှ လွှဲပြောင်းရယူခဲ့သည်မှာ (၁၉၉၀) ခုနှစ်မှဖြစ်ပြီး စင်ကာပူ၏ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံတကာဆက်ဆံရေးတို့ ပိုမိုတိုးတက်လာသည့်အလျောက် နိုင်ငံရေး အတွေးအခေါ်လွတ်လပ်မှုကို ထိုက်သင့်သလောက် လျှော့ပေါ့ပေးလာခဲ့ခြင်းဖြစ်သည်။ ဖျော်ဖြေရေးလုပ်ငန်းအချို့ကိုလည်း ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး တစ်ချိန်က တင်းကြပ်စွာ ပိတ်ပင်ခဲ့သော (Chewing Gum) ကိုလည်း အထူးအခြေအနေတစ်ရပ်ဖြင့် တင်သွင်းခွင့်ပြုခဲ့ပါသည်။ မကြာခင် တာဝန်လွှဲပြောင်းယူတော့မည့် လီစင်လုံးမှာ စင်ကာပူနိုင်ငံ၏ ရှေ့ဆောင်လမ်းပြအဖြစ် မျိုးဆက်သစ်များကို ဦးဆောင် ရဦးမည်ဖြစ်ပြီး သူ့ဖခင်လက်ထက် အဆက်အသွယ်နည်းပါးခဲ့သူ ခေတ်သစ်လူငယ်များကို အချိန်နှင့် ပြောင်းလဲခြင်းသဘောတရားကိုမှုတည်၍ အကောင်အထည်ဖော်သွား မည့်သူဖြစ်ပြီး၊ မျက်ကန်းကိုးကွယ်သူ၊ ဆည်းကပ်သူတပည့်မွေး၊ ဆရာ မွေးခေတ်ကို ကုန်ဆုံးစေမည့်သူဟု Bilveer Singh ဆိုသူ National University of Singapore (NUS) မှ နိုင်ငံရေးသိပ္ပံသမားတစ်ဦးက နိမိတ်ပြုထားပါသည်။ ဆက်လက်၍ စင်ကာပူနိုင်ငံသားများ ပွင့်လင်းစွာ ပြောဆိုလိုနေကြကြောင်းကိုလည်း သတိပေးထားပါသည်။

တစ်ဟုန်ထိုး တိုးတက်လာသော တရုတ်၏ ထုတ်ကုန်များကြောင့် ထုတ်လုပ်မှုတွင် ယှဉ်ပြိုင်မှုများ ပြင်းထန်လာပြီး၊ ပို၍ထက်မြက်သော မဟာဗျူဟာကိုချမှတ်ရန်

mgyoe.com

mgyoe.com


လိုအပ်မည်ဖြစ်ပါသည်။ စင်ကာပူ၏ မဟာဗျူဟာမှာ ထုတ်လုပ်မှုမှ 'ဝန်ဆောင်မှု၏ အချက်အချာဖြစ်ခြင်း' ဟူသောလမ်းကြောင်းသို့ ပြောင်းရွှေ့ရတော့မည်လည်း ဖြစ်သည်။ အာရှ၏ဝန်ဆောင်မှုဗဟိုသို့ ရောက်ရှိနိုင်စေရန် ပိုမိုလွတ်လပ်သော လူနေမှုနှင့် ရှင်သန်လန်းဆန်းသော လူနေမှုဝန်းကျင်၊ အလုပ်အကိုင်တို့ဖြစ်ရန် ဦးစွာလိုအပ်မည်ဖြစ်သည်။ တစ်ချိန်က ကုန်သွယ်ရေးဝန်ကြီး George Yeo က ပျော်ရွှင်၊ လွတ်လပ်မှုသည် အရေးကြီးသောလုပ်ငန်းတစ်ခုဖြစ်ကြောင်း မှတ်ချက်ပေးထားခဲ့ဖူးပါသည်။

မျိုးဆက်သစ် စင်ကာပူလူငယ်များ PAP ပါတီကို ဆိုးဝါးစွာပြောင်းလဲပစ်လိုသော တော်လှန်ရေးတစ်ရပ်အသွင်ကိုတော့ 'လီ' က ခွင့်ပြုမည်မဟုတ်ပါ။ တင်းကျပ်မှုများ လျှော့ပေါ့ပေးခြင်းသည် PAP ပါတီ ပျက်စီးစေခြင်းကို ခွင့်ပြုခြင်း မဟုတ်ဟု 'လီ' ခံယူထားပါသည်။ 'လီ'ကို (၁၉၅၂) ခုနှစ်၌မွေးဖွားခဲ့ပြီး ကင်းဘရစ်တက္ကသိုလ်နှင့် ဟားဘတ်ကနေဒီတက္ကသိုလ်များ၌ သင်္ချာနှင့် ကွန်ပျူတာသိပ္ပံကို သင်ကြားခဲ့သူဖြစ်သည်။ တက္ကသိုလ်ပညာအပြီး ဘဝလမ်းကြောင်းကို စင်ကာပူနိုင်ငံ လက်နက်ကိုင်တပ်ဖွဲ့တွင်အစပျိုးခဲ့ပြီး ဗိုလ်မှူးချုပ်အဆင့်ထိ တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။ (၁၉၈၄) ခုနှစ်တွင် လက်နက်ကိုင်တပ်ဖွဲ့မှ ပါလီမန်အမတ်အဖြစ် ကူးပြောင်းခဲ့သည်။ အမတ်နေရာတွင် (၆) နှစ် အတွေ့အကြုံယူပြီး နောက် ယခုလက်ရှိရာထူးဖြစ်သော ဒုဝန်ကြီးချုပ်ရာထူးကို ဆက်ခံလာသူဖြစ်သည်။ ဝေဖန်သူ Kadir က 'ကျွန်တော် 'လီ' နဲ့ သိခဲ့ဖူးပါတယ်၊ ပြည်သူတွေဟာ 'လီ' တစ်ယောက် ဘယ်တော့ ဝန်ကြီးချုပ်ဖြစ်လာမလဲဆိုတာ သိပ်ပြီးသိချင်နေကြပါတယ်'ဟု ပြောသွားပါသည်။

စင်ကာပူနိုင်ငံ၏ လာမယ့်ရွေးကောက်ပွဲသည် (၂၀၀၇) ခုနှစ် စောစောပိုင်းထက် မစောနိုင်သော်လည်း လက်ရှိဝန်ကြီးချုပ် ဂိုချောက်ထောင်က 'လီ' အတွက် (၂) နှစ်စော၍ သူ့နေရာ ဘေးဖယ်ပေးမည်ဖြစ်ကြောင်း မိန့်ကြားခဲ့ပါသည်။ မကြာသေးခင်သော ရက်သတ္တပတ်များတွင် ဒုဝန်ကြီးချုပ် 'လီ' သည် အမျိုးသား၏ အာရုံစိုက်ခြင်းကိုခံခဲ့ရ၍ လီစင်လုံးကို မီဒီယာများမှ အနည်းငယ်လျှော့ထားခဲ့ရပါသည်။ သူ၏ ပုံမှန်အဝတ်အစားများဖြင့် ပြည်သူတို့ကို လက်ဆွဲနှုတ်ဆက်သည့်ဓာတ်ပုံများကို တွေ့နိုင်မည်ဖြစ်သည်။ 'ပြည်သူထဲကတစ်ဦးသာ' ဆိုခြင်းကို ပြသရာရောက်ပါသည်။ ဝန်ကြီးချုပ် ဂိုချောက်ထောင်က လွန်ခဲ့သောနှစ် ဩဂုတ်လမိန့်ခွန်းတစ်ခုတွင် ပြက်လုံးတစ်ခု ထုတ်လိုက်ပါသည်။ ကျောင်းသားလေးတစ်ယောက် အနီရောင်တီရှပ်ကို တော်တော်ကြိုက်ပုံရတယ်၊ သိပ်ထင်ပေါ်တာပဲလို့ သူတို့တွေပြောကြတယ်'ဟု 'လီ' အပေါ် ရယ်စရာ ချစ်စနိုးပြောခဲ့ခြင်း ဖြစ်ပါသည်။

mgyoe.com

mgyoe.com

စင်ကာပူနိုင်ငံသားအများစု၏ ယေဘုယျအမြင်မှာ ဂိစင်လုံးသည် နိုင်ငံကို ဆက်လက်ဦးဆောင်သွားသင့်သူဟု ခံယူထားကြသည်။ ဒုတိယဝန်ကြီးချုပ်အနေဖြင့်လည်းကောင်း၊ ဘဏ္ဍာရေးဝန်ကြီးအနေဖြင့်လည်းကောင်း လီစင်လုံးသည် အစိုးရယ်မဲ့လုပ်ရပ်ကို ခေါင်းဆောင်တစ်ဦးအနေဖြင့် လုံးဝမလုပ်ခဲ့သူ၊ ရဲရင့်ပြတ်သားသူအဖြစ်ထင်ရှားပြီး သတင်းမီဒီယာများဖြင့်လည်း နွေးနွေးထွေးထွေးရှိသူအဖြစ် ထင်ရှားပါသည်။ မျက်နှာချိုပြီး ထက်မြက်သူလည်းဖြစ်သည်။ သို့သော်လည်း အဖေလီကွမ်ယုကဲ့သို့ လိုအပ်လျှင် ပြတ်သားမာကျောရန် ဝန်မလေးသူဖြစ်သည်ကို သံသယရှိရန်မလို၊ လစာများဖြတ်တောက်၍ ယခင်နှစ် နိုဝင်ဘာက လေယာဉ်မောင်း ယူနီယံ၏ မကျေနပ်သံများကို လီစင်လုံးက အစိုးရအဖွဲ့အား စိန်ခေါ်မှုဖြစ်သည်ဟု ရဲရဲပြောခဲ့သည်။ သူ့အဖေလက်ထက် (၁၉၈၀) က အလားတူ ဖြစ်ရပ်မျိုးကဲ့သို့ ဖြစ်သေသည်။ "စင်ကာပူနိုင်ငံမှာ ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ အဲသလို လုပ်ဖို့ခွင့်ပြုမှာမဟုတ်ဘူး" ဟု ပြတ်ပြတ်သားသား 'လီ'က ပြောခဲ့ခြင်း ဖြစ်သည်။

နိုင်ငံသားတို့ကို မည်မျှတင်းမာ ပြတ်သားခဲ့သော်လည်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများနှင့် နိုင်ငံတကာကုန်သွယ် စီးပွားဖက်ရာတွင်မူ တတ်နိုင်သမျှ သိမ်မွေ့ညင်သာစွာ ကိုင်တွယ်ခဲ့ပါသည်။ အုပ်ချုပ်ရေးတွင် အများစုဖြစ်သော မယ်ဒရင်းလူမျိုးအစိုးရအဖွဲ့ဝင်များက တာဝန်ခံယူနိုင်ပြီး၊ အများစု လက်ခံနိုင်သော အစိုးရအဖွဲ့ဖြစ်ရန်နှင့် နိုင်ငံတိုးတက်မှု ပိုမိုပီပြင်ရန် မဟာဗျူဟာမျိုးအတွက် ဤသို့သော လူမျိုးလိုအပ်သည်ဟု ထောက်ပြခဲ့၏။ ဝါရင့်ဝန်ကြီးဟု ခေါ်တွင်သော်လည်း အစိုးရအဖွဲ့ဝင်တွင် ဩဇာကြီးမားဆဲဖြစ်သော ဝန်ကြီးချုပ်ဟောင်း လီကွမ်ယုတွင်လည်း ဤသို့သော အမြင်ရှိဆဲဖြစ်သည်။ မည်သို့ဆိုစေကာမူ၊ လီစင်လုံးသည် ဝန်ကြီးချုပ်အဖြစ်လက်ခံယူပြီး ကမ္ဘာ့ဇာတ်ခုံသို့ တက်ရောက်ခဲ့ရပါလျှင် ထိုအရိပ် (လီကွမ်ယု၏ဩဇာ)ထဲမှ ထွက်နိုင်ရန် ကြိုးစားမည့်သူဖြစ်သည်။

စင်ကာပူနိုင်ငံ ပိုမိုတိုးတက်ရန် ပိုမိုပွင့်လင်းရမည်ဟူသော အချက်နှင့် ပိုမိုတိုးတက်လာတိုင်း ယဉ်ကျေးမှု အတန်ငယ် ဆုံးရှုံးရမည်ဟူသောအချက်ကို လီစင်လုံးက သူ့အဖေလီကွမ်ယုနှင့် အမြင်ဖလှယ်ရပေမည်။ လီစင်လုံးမှာ Globalization ဟူသော ကမ္ဘာ့မှုကိုလက်ခံသူဖြစ်ပြီး၊ အကျိုးဆက်တို့အတွက် စွန့်စားရန် ဝန်မလေးသူဖြစ်သည်။ ထို့အပြင် လီစင်လုံးက 'ကမ္ဘာပြုမှုအပြင် အခြားနည်းလမ်းရော ဘာရှိသေးသလဲ' ဟု မေးထားလိုက်ပါသေးသည်။ အကယ်၍ ကမ္ဘာပြုမှုကိုငြင်းပယ်ခဲ့လျှင် အာဆီယံထဲမှ နိုင်ငံတစ်နိုင်ငံကဲ့သို့ စင်ကာပူဖြစ်သွားမည်ဟုလည်း ထောက်ပြထားပါသည်။ "ဂလိုဘယ်လိုက်ဇေးရှင်းက (ဝန်ဆောင်မှုနဲ့ကုန်ပစ္စည်းတွေကြောင့်)

mgyoe.com

mgyoe.com


ကျွန်တော်တို့ရဲ့ GDP ကို တစ်ဆခွဲလောက် မြင့်တက်စေမှာဖြစ်ပါတယ်။ နောက်ပြီး နိုင်ငံတကာအရင်းအနှီးနဲ့ ကမ္ဘာ့လုပ်ညီခရီးသွားလုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်စေမှာ ဖြစ်ပါတယ်။ အဲဒီ Globalization သာ မဖြစ်ထွန်းခဲ့ရင် ကျွန်တော်တို့ ရပ်တည်နိုင်မှာ မဟုတ်ဘူး" ဟူ၍ သူ့အတွေးအခေါ်ကို ဖွင့်ချခဲ့သည်။

(Ref : Newsweek Jan 2004)

❖

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# သိပြီးမတတ် - တတ်ပြီးမသိ

3rd March 2004

သုံးဆယ့်တစ်ဘုံတွင် ဗုဒ္ဓကလူ့ဘုံကို တန်ဖိုးအထားဆုံးဖြစ်သည်။ သန္တိသုခကို ရနိုင်သကဲ့သို့ အသိ၏အဆင်အခြင်ဖြင့် ထိုသောသန္တိသုခကိုမရမီ ကောင်းသောဘုံဘဝများကိုလည်း ကူးနိုင်ခွင့်ရှိ၍ဖြစ်သည်။ မိမိတို့အမြင် အာရုံဖြင့် မမြင်တွေ့နိုင်သော အထက်ဘုံများကို မယုံကြည်လျှင်သော်မှ အောက်ဘုံများဖြစ်သော တိရစ္ဆာန်များကို ဒိဋ္ဌတွေ့မြင်နေရသည်ဖြစ်၍ ဘုံဘဝများစွာရှိသည်ကို လက်ခံရမည်ဖြစ်သည်။

အသက်နှင့်ခန္ဓာ စုဖွဲ့ထားသောသတ္တလောကတွင် လူတစ်မျိုးတည်းက တစ်ဘာသာ၊ မရေတွက်နိုင်သော အခြားသောသတ္တလောကက တစ်ဘာသာ ခွဲခြားထားသည်မှာ အခြေခံကျကျ စဉ်းစားသင့်သော အချက်တစ်ခု ဖြစ်ပေသည်။ လူမှတစ်ပါးအခြားသော ကုန်း၊ ရေ၊ လေသတ္တဝါတို့ကို တိရစ္ဆာန်ဟု သတ်မှတ်၍ လူနှင့်ခွဲခြားထားခြင်းမှာ အသိနှင့်အတတ်ဟူသော ဉာဏ်ရည်ဉာဏ်သွေးကြောင့်ဖြစ်သည်မှာ ငြင်းမရသောအချက်ဖြစ်ပေသည်။ အသိနိမ့် သတ္တဝါတို့၏ အမြင့်ဆုံး လုပ်ဆောင်နိုင်မှုမှာ သာလိကာစကားပြော၍ အခြားသတ္တဝါများ ဆပ်ကပ်တွင်လေ့ကျင့်ထားသည်ကို ပြန်လည်လုပ်ဆောင် ပြတတ်ခြင်းထက်မပိုချေ။

လောကကိုအလှဆင်ခြင်း၊ ဖျက်ဆီးခြင်းတို့ကို ရည်ရွယ်ချက်ရှိရှိဖြင့် အသိအခြေခံအတတ်ပညာဖြင့် ဆောင်ရွက်နိုင်သူမှာလူသာဖြစ်ပြီး တိရစ္ဆာန်များမှာ ထိုသောအသိမျိုးမရှိနိုင်၊ အသိမရှိ၍အတတ်လည်းမရှိနိုင်၊ အခြေခံအသိနှင့် ထပ်ဆင့်အတတ်များသည် မူလအရည်အချင်းများအဖြစ် လူနှင့် အခြားသတ္တလောကကိုခွဲခြားထားသော 'ပိုင်းခြားစည်း'တစ်ခု ဖြစ်သည်။ 'ကံ' သည် ပစ်ပယ်၍မရသော 'တုံ့ပြန်စွမ်းအား' တစ်ခုဖြစ်ပြီး ကံကောင်း၍ 'လူ' ဖြစ်လာကြသည့်တိုင် စားရ သောက်ရမဲ့နိုင်ငံတွင် 'လူ' ဖြစ်ရခြင်းနှင့် ချမ်းသာသောနိုင်ငံများတွင် 'လူ' ဖြစ်ရခြင်း ဟူ၍

mgyoe.com

mgyoe.com

အတိတ်၏ 'ကံ'အရ ကွဲပြားကြရသည်။ ထိုမှတစ်ခါ ချမ်းသာသောမိဘများ ဝမ်းတွင် ဝင်စားရသော 'ကံ' နှင့် အစစအရာရာ ဆင်းရဲသော မိဘများဝမ်းတွင် ဝင်စားရသော 'ကံ' ဟူ၍ ထပ်မံကွဲပြားကြရပြန်ပါသေးသည်။

ထိုမျှရခဲသောလူ့ဘဝကို ရရှိလာကြရာတွင် ကံသင့်တင့်၍ အတတ်ပညာ ဆည်းပူးရန်လက်လှမ်းမီသော လူမှုဝန်းကျင်တွင် လူဖြစ်လာကြသူတို့တွင် ရသင့်သောအခွင့်အရေးကို မရနိုင်ကြခြင်းမှာ ယူကြုံးမရဖွယ်ရာ ဖြစ်သည်။ ယနေ့ကမ္ဘာသည် အတတ်ပညာမဲ့စွာ ဘဝကိုတည်ဆောက်၍မရတော့ချေ။ ပို၍ရင်နင့်ဖွယ်ရာကောင်းသော လူများရှိပါသေးသည်။ အသိမြင့်မိဘများမှာ ကံကောင်း၍ ဝင်စားခွင့်ရသူများ၊ အမျိုးအဆွေတော်ခွင့်ရသူများ အသိမရရှိနိုင်ကြခြင်းဖြစ်သည်။

ငယ်စဉ်ကာလများသည် မိဘကိုမှီခိုကြရပြီး ၎င်းတို့၏ပြုစုပျိုးထောင်ခြင်းက အပင်သန်စွမ်းစေရန် အဓိကတွန်းအားများ ဖြစ်ကြရပါသည်။ 'အစ မကောင်း အနှောင်းမသေချာ' ဟူသောဆိုရိုးစကားသည် အလကားပဲတင်း ပြောကောင်းရန် ထားခဲ့သောအဆိုအမိန့်မဟုတ်ချေ။ မလိုအပ်ဘဲ 'ပြည့်စုံတာပဲလေ' ဟူသောအဆင်ခြင်မဲ့အလိုလိုက်ခြင်းသည် 'အစကောင်း' သည်မဟုတ်၊ ထို 'ပြည့်စုံတာပဲလေ' ဟူသည် 'ကာလ'ကို မဆင်ခြင်နိုင်သော 'မိဘ'တို့၏ အတွေးအခေါ်များဖြစ်သည်။ ဘယ်အရာမှ တည်တံ့မှုမရှိသလို အခက်အခဲမရှိသောဘဝလည်း မပေါ်ဖူးသေးပါ။ 'မိမိကိုယ်သာ ကိုးကွယ်' ဟူသော ဘုရားဟောသည် ကိုယ်ပိုင်အရည်အသွေးပြည့်ဝစေရန် အသိပေးထားခြင်းဖြစ်သည်ကို မေ့ကောင်းသည်မဟုတ်။

'လွယ်လွယ်တွေးတတ်ခြင်း'သည် 'သန်စွမ်းသောအသိ' မဟုတ်သည်ကို သတိပြုမိကြသူများ အလေးအနက် တွေးတတ်ကြသည်။ ငယ်စဉ်က သူ့အရွယ်နှင့်သူတန်သောအသိမျိုး ရှိသင့်ကြသည်။ အရွယ်သုံးပါးနှင့်တန်သောအသိမျိုးရှိကြလျှင် ဘဝသည်ရလျှင်ကောင်းသောပီတိကို ပိုင်ဆိုင်ကြမည်ဖြစ်ပြီး အရွယ်ထက် နောက်ကျသောအသိများကိုသာရလျှင်မူ နေချင့်ဖွယ်ရာဘဝကိုရရှိကြမည်မဟုတ်ချေ။

လွယ်လွယ်တွေးတတ်သောမိဘများမှ မွေးဖွားလာကြသော သားသမီးများ လွယ်လွယ်တွေးတတ်ကြသည်။ တံငါနှင့်နီးသော တံငါသာဖြစ်သည်။ အသိအတွေး ဖောက်ထွက်နိုင်ကြသူများ အရေအတွက် နည်းပါးကြသည်။ သာမန်အားဖြင့် အသိနှင့်အတတ်သည် 'ပန်းနှင့်ခေါင်း'သဖွယ် ဖြစ်လေ့ရှိသည်။ ငယ်စဉ်က အသိမဲ့ခဲ့၍ ပညာမသင်ခဲ့ကြသူများဘဝကို ကာလတစ်ခုအထိ ဖြတ်သန်းပြီးသည့်အခါ အသိအပြောင်းအလဲဖြစ်နိုင်ချေရှိသည်။ သို့သော်လည်း သိသင့်သည့်အရွယ်တွင် မသိခဲ့၍ မတတ်ခဲ့သောပညာကို ပြန်လည်ဆည်းပူးရယူရန်မှာ ဖြစ်နိုင်ချေအလွန်နည်းသွားပြီ

mgyoe.com

ဖြစ်သည်။ တိုးတက်သောခေတ်ဖြစ်သဖြင့် အဝေးရောက်ပညာရေးများ နယ်ခြားမဲ့ ရောက်ရှိ ဆည်းပူးနိုင်ပြီဖြစ်၍ အရွယ်လွန်သော်မှပညာကို ယနေ့ဆည်းပူးရရှိနိုင်ပေသည်။ သို့သော်လည်း အစားထိုးမရသော ဆုံးရှုံးမှုတစ်ခုမှာ 'အချိန်' ဖြစ်သည်။ အချိန်လွန်မှသိသောအသိနှင့် အချိန်လွန်မှတတ်သောအတတ်ပညာတို့မှာ လုံးဝမသိသူမတတ်သူတို့နှင့်ယှဉ်လျှင်သာ ဖြေသိမ့်ဖွယ်ရာ ဖြစ်နိုင်သော်လည်း လျင်မြန်စွာပြောင်းလဲရွေ့လျားနေသောခေတ်တွင် နောက်ကျန်နေခဲ့ပြီကို မည်သို့မျှ သာသာထိုးထိုး ဖြေသိမ့်၍ရမည်မဟုတ်ချေ။ စစ်ကူနောက်ကျသော တိုက်ပွဲသည် အလုံးစုံကိုမအောင်မြင်နိုင်၊ အတိုင်းအတာတစ်ခုအထိ ဆုံးရှုံးရမည်မှာ သေချာသည်။

အရွယ်လွန်သော်လည်း အသိမဲ့သူများနှင့်စာလျှင်ကား သူကောင်းပြုဖွယ်ရာ တော်ကောင်းသည်ဟု ယူဆနိုင်သည်။ Albert Eistein ၏ God never play with dice ဟူသောမှတ်ချက်ကို သိပ္ပံပညာရှင်များက 'ဘုရားသခင်သည် အံစာတုံးများနှင့်မကစား'ဟု ဘာသာပြန်ခဲ့ပြီး စကြဝဠာသည် အဆင်ခြင်မဲ့စွာဖြင့် ဖွဲ့စည်းသည် မဟုတ်ဟုဆိုလိုကြောင်း ပြောစမှတ်ပြုကြသည်။ Vertical Thinking ဟူသော ဖောက်တွက်တွေးခေါ်လျှင် သဘာဝတရားသည် ဖြစ်ချင်သလို ဖြစ် နသည် မဟုတ်၊ စနစ်တစ်ခုဘောင်တစ်ခုအတွင်းမှာသာ ဖြစ်ပျက်နေခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် သဘာဝတရားတစ်ခုအတွင်းမှာ ရှိကြသူများအားလုံး လုပ်ချင်သလိုလုပ်၍မရဟု ဆင့်ပွားတွေးခေါ်နိုင်မည် ဖြစ်သည်။ မကောင်းတာလုပ်ပြီး အကောင်းမျှော်မှန်းသူများ သတိချပ်ဖွယ်ရာဖြစ်သည်။

'တူသောအကျိုးပေး'သည် သဘာဝတရား၏ တစ်ခုသောစည်းကမ်း ဥပဒေသဖြစ်ပြီး 'ထပ်တူသောတုံ့ပြန်စွမ်းအား'ကို အသိအမှတ်ပြုထားခြင်း ဖြစ်သည်။ လူမှုဝန်းကျင်ကို လှည့်စားနိုင်သောပြစ်မှုအတွက် ဥပဒေကစောင့်ဆိုင်းသလို ဥပဒေကိုလွန်သောပြစ်မှုအတွက် သဘာဝတရားက မေ့ထားမည်မဟုတ်။ သဘာဝတရားသည် သမာသမတ်ရှိသော တရားသူကြီးတစ်ဦးဖြစ်၍ လာဘ်ထိုးရကောင်းသူလည်း မဟုတ်ချေ။

'တတ်သင့်သည်' ဟူသော အသိအခြေခံကြောင့် ငယ်စဉ်ကပညာ သင်ကြားခဲ့ကြရခြင်း ဖြစ်သည်။ မပြည့်မစုံ၍ တစ်ဝက်တစ်ပျက်ပညာရေးကို စွန့်လွှတ်ခဲ့ကြရသူများကို အပြစ်ဆိုဖွယ်ရာမရှိသော်လည်း ဥစ္စာ၏ပြည့်စုံခြင်း၊ အခြေအနေ၏ပြည့်စုံခြင်းကိုရရှိသော်လည်း အသိမကြွဲခိုင်ခဲ့၍ ပညာတစ်ပိုင်းတစ်စဖြစ်ကြရသူများမှာ ဘဝ၏ရေရှည်ခရီးတွင် မည်သို့မျှ သက်လုံကောင်းနိုင်မည်မဟုတ်ချေ။ ပညာအခြေခံလူ့အဖွဲ့အစည်း၏ ပြင်းထန်သောတိုက်ပွဲများကြား၌ ပွဲကြည့်ရုံမျှလွဲ၍ ပါဝင်

mgyee.com

mgyoe.com

ယှဉ်ပြိုင်ခွင့်ရနိုင်မည်မဟုတ်၊ 'ရပါတယ်ကွာ'ဟူသော လူတန်းစားမှာ 'ကံ' ပေးသည့် အချိန်တိုတစ်ခုအတွင်း၌သာ ထိုသို့သောစကားကို ဆိုနိုင်မည်ဖြစ်ပြီး အချိန်နှင့်အမျှ ယှူကြုံးမရ စိတ်အားငယ်နေမည်မှာ ကိုယ့်ကိုယ်ကိုလိမ်၍ရမည်မဟုတ်။

အသိနောက်ကျသူများ အတတ်နောက်ကျမည်မှာ မလွဲ၊ ပန်းဝင်နောက်ကျလျှင် ဆုကောင်းများကို ချိတ်နိုင်မည်မဟုတ်၊ ဘဝ၏မာရသွန်ခရီး၌ သဘာဝတရားက အသိစောသူ၊ အသိမှန်သူ၊ အသိနောက်ကျသူများကို အချိန်မဲ့ပန်းဝင်ခြင်း၌ လက်ခံသော်လည်း အသိမရှိသူများကို လက်ခံသည်မဟုတ်၊ အသိမရှိ၍ အတတ်မရှိသူများ သက်လုံကောင်းမည်မဟုတ်၊ ကံကောင်းသော တိုင်းပြည်တွင်း အသက်ရှင်သန်ခွင့်ရ၍ ထမင်းနှစ်နပ်အတွက် ပြဿနာမရှိသော်လည်း ဘဝပီပြင်ရေးအတွက် အိပ်မက်ကောင်းမက်နိုင်မည် မဟုတ်ချေ။

ကိုယ်ပိုင်အသိကြောင့်မဟုတ်ဘဲ လူမှုဝန်းကျင်ကောင်း၍ အတတ်ပညာသင်ကြားနိုင်ခဲ့သူများလည်း ဒုနှင့်ဒေးရှိကြပါသည်။ အသိမနက်၍ အတတ် သက်သက်ကိုသာ အသုံးချနိုင်မည်ဖြစ်သည်။ အတတ်ပညာသက်သက် အသုံးချသူများ၏ ဘဝမှာ သံပတ်ပေးစက်ရုပ်နှင့်မခြား၊ စိတ်လှုပ်ရှားဖွယ်ရာမရှိသော ခြောက်သွေ့ ဘဝရှင်များသာဖြစ်သည်။ အတတ်သက်သက်ပေါ် အခြေပြုသူများ ဘယ်တော့မှ မူဝါဒချမှတ်သူများ ဖြစ်မလာနိုင်ချေ။ လုပ်ငန်းအကောင်အထည်ဖော်သူ ဘဝဖြင့်သာ တင်းတိမ်ရမည်ဖြစ်သည်။

အခြေအနေအရပ်ရပ်ကြောင့် အတတ်ပညာမသိကြားနိုင်သော်လည်း အသိရှိသူများလည်း အများအပြားရှိကြပါသည်။ ခေတ်ပေါ်အတတ်ပညာကို တတ်ခွင့်မရှိသော်လည်း အသိရှိသူသည် သဘာဝ၏ ပိုင်းခြား၊ ချင့်ချိန်၊ မှန်မှားဟူသော ပညာကိုမူ အလိုအလျောက်တတ်လာကြသူများဖြစ်သည်။ များသောအားဖြင့် Generalist များသည် အသိပညာရှင်များဖြစ်၍ အတတ်ပညာရှင်များကို အသုံးချခြင်းဖြင့် ကြီးပွားခွင့်ရှိကြသည်။ ရာနှုန်းပြည့်အောင်မြင်မည်ဟု အာမမခံသော်လည်း လုပ်ငန်းသဘာဝနှင့် ဘဝအခြေအနေကို ကောင်းစွာစေ့ငုမိသူများဖြစ်၍ ဦးဆောင်သူများ ဖြစ်နိုင်ပေသည်။ ပုံသေနည်းမရှိသော ဘဝသင်ခန်းစာများတွင် အသိကသာ အကောင်းဆုံးအဖြေထုတ်နိုင်သည်ကို သတိပြုမိလျှင် အသိနှင့်အတတ်တို့၏ တန်ဖိုးကို ခွဲခြားသိမြင်နိုင်မည်ဖြစ်သည်။

သင့်သောအရွယ်တွင် သင့်သောအသိနှင့်တန်သောအတတ်တို့ကို တတ်ကြသူများသည် အများနည်းသောခေါင်းဆောင်ကောင်းများ ဖြစ်ကြသည်။ အတိတ် 'ကံ' ၏ အလွန်အကျူးအတက်အကျကိုခွင့်မပြုဘဲ တတ်နိုင်သမျှထိန်းကျောင်း

mgyoe.com

mgyoe.com


နိုင်ကြသူများလည်းဖြစ်ကြသည်။ နေ့ချင်းမာစီဒီးစီး၍ ညချင်းကန်စွန်းရွက်ပြန်ကိုက်သူများတွင် အသိနှင့်အတတ်နှစ်ပါး ပြည့်စုံသူတို့ မပါဝင်ချေ။ ဘဝတစ်ခုလုံးခြုံရန် အသိရောအတတ်ပါ လိုအပ်ပါသည်။

နက်ရှိုင်းစွာသိခဲ့သူများ ပိုမိုဆန်းသစ်သောအတတ်ကိုထားခဲ့နိုင်၍ ယနေ့အတတ်ပညာ တစ်ဟုန်ထိုးတိုးတက်နေရခြင်းဖြစ်သည်။ အသိမတိုးတက်ခဲ့လျှင် ပေါင်း၊ နှုတ်၊ မြှောက်၊ စားဟူသော အတတ်ပညာများ ရပ်တန့်နေပေလိမ့်မည်။ ယခင်က Export Oriented Economy သည် အချိန်အတိုင်းအတာတစ်ခုထိ မှန်သလိုရှိခဲ့ပြီး ယခုတိုင်းပြည်တစ်ပြည်၏တိုးတက်မှုသည် GDP နှင့် Export များရန်တို့၌သာ မတည်မှီတော့ခြင်းသည် အသိပညာရှင်များ၏ ထပ်မံတွေ့ရှိချက်များဖြစ်သည်။ အတတ်ပညာကိုအခြေခံသည်ဟု ယေဘုယျ ပြော၍ရသော သိပ္ပံပညာသည်ပင်လျှင် အသိ၏ထိုးထွင်းမှုကြောင့် ဖြစ်နိုင်ချေရှိသော သီအိုရီအသစ်တို့ကိုကြံဆရင်း သိပ္ပံနယ်ကိုဦးဆောင်ထားခဲ့ခြင်းဖြစ်သည်။ ကမ္ဘာကြီးကို လုံးပါသည်ဟုပြောခဲ့သောသိပ္ပံပညာရှင်တစ်ဦး၏ အသိအခြေခံယူဆချက်သည် နှစ်ပေါင်းများစွာစောလွန်း၍ ထိုခေတ် ထိုအခါက မဖြစ်နိုင်ဟုပစ်ပယ်ခဲ့သည်။ 'အသိကွာမှု' တစ်ခု၏ ကောင်းသောဥပမာဖြစ်သည်။

တစ်ဦးချင်းဘဝကို တည်ဆောက်ရာတွင်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခု၏အနာဂတ်ကို ပုံဖော်ရာတွင်လည်းကောင်း၊ တစ်နိုင်ငံ၊ တစ်တိုင်းပြည်၏ တိုးတက်မှုနှင့် လားရာသည်လည်းကောင်း ဦးဆောင်သူတို့၏ အရည်အသွေးပေါ်မူ တည်ပါသည်။ ဦးဆောင်သူတို့ အသိနှင့် အတတ်မပြည့်စုံလျှင်သော်လည်းကောင်း၊ မန်နေဂျာများ၊ လုပ်ငန်းအကောင်အထည်ဖော်သူများ အရည်အသွေးမမှန်လျှင်သော်လည်းကောင်း၊ အမှန်တိုးတက်မှုတစ်ခုကို ရနိုင်မည်မဟုတ်ချေ။ မည်သည့်အပိုင်းကည့်ညှ့်၊ သေချာသည်က အပေါ်ထပ်အဆောက်အဦးကသာ လက်ညှိုးထိုးခံရမည်မှာ မလွဲပေ။ ခေါင်းဆောင်၏သဘာဝမှာ ရည်မှန်းချက်အောင်မြင်သည့်တိုင် ဆယ်ပြားဖိုးထက်ပို၍ ချီးကျူးခံရဖွယ်မရှိသော်လည်း ဆုတ်ယုတ်မှုတစ်ခုအတွက်မူ သေချာပေါက် ကမ္ဘာပျက်သည့်အလား အပြစ်တင်ခံရမည်ဖြစ်သည်။

အသိရောအတတ်ပါ ဆည်လွှတ်ရေကဲ့သို့ အင်နှင့်အားနှင့် မခြိုးမခြံ ယှဉ်ပြိုင်နေရပြီဖြစ်သောခေတ်တွင် စားထက်ရန်သာဖြစ်ပါသည်။ ဤသို့ ပြင်းထန်သော ယှဉ်ပြိုင်နေရသည့်အချိန်တွင် အသိမပြည့်စုံသည်လား၊ အတတ်ချို့တဲ့သည်လားဟူ၍ပင် မခွဲခြားနိုင်သူတွေကလည်း ပေါများစွာရှိနှင့်နေပါသေးသည်။ မည်သည့်နေရာတွင်နေသင့်သည်ကို ပကတိမြင်နိုင်ပြီဖြစ်သည်။ ပိုဆိုးသူများမှာ မသိသေးသည်

mgyoe.com

mgyoe.com

ကိုပင် မသိသေးသူများနှင့် မတတ်သေးသည်ကိုပင် တတ်သည်ဟုထင်သူများဖြစ်သည်။ လက်ဖက်ရည်စကားဝိုင်းတွင် အာလာပသလ္လာပစကားပြောရာတွင်သာ အပျင်းပြေအဆင့်မျှရှိသည်ကို သိဖို့ကောင်းသည်။ သက်လုံမကောင်း၊ ဓားမထက်၍ ပြိုင်ပွဲဝင်ရန် မသင့်ပါချေ။ သို့မဟုတ်ပါက အခြားထက်သော ဓားများ၏ ဓားသွားကို လွတ်အောင် ရှောင်နိုင်မည်မဟုတ်။

❖

mgyoe.com

mgyoe.com

# အပြောကောင်းတိုင်း အကောင်းမပြော

24th March 2004

တစ်ဦးနှင့်တစ်ဦး ဆက်သွယ်နိုင်ရန် သဘာဝက ပါးစပ်ပေါက်တစ်ပေါက် ဖောက်ပေးခဲ့၏။ နည်းနည်းပြောရန်ဖြစ်သည်။ ကောင်းကောင်းလည်းပြောသင့်သည်။ များများကြည့်နိုင်ရန် မျက်လုံးနှစ်လုံးနှင့် များများနားထောင်ရန် နားနှစ်ဖက် အမွေပေးထားသည်။ များများလုပ်နိုင်ရန် လက်နှစ်ဖက်၊ ခြေနှစ်ဖက်တို့ကိုလည်း တပ်ပေးခဲ့၏။ ညီမျှစွာလူတိုင်းကို ထိုသောအရည်အချင်းများပေးခဲ့သော်လည်း အသိမတူ၊ ခံယူချက်မတူကြသောသူတို့မှာ ၎င်းတို့၏ကျင်လည်ရာ လူမှုအခင်းအကျင်းများ၏ အရောင်ကိုလက်ခံကြပြီး မတူစွာ မိမိတို့ဘဝကို ဖန်တီးကြရသည်။

အကောင်းပြောခြင်းသည် အရည်အချင်းတစ်ရပ်ဖြစ်သလို အပြောကောင်းခြင်းသည်လည်း အရည်အချင်းတစ်ရပ်ဖြစ်ပါသည်။ အနည်းငယ်ကွဲပြားသော ရပ်တည်မှုမတူသည့်အရည်အချင်းများဖြစ်သည်။ အကောင်းပြောခြင်းသည် Positive Sense ပေါ်အခြေခံသော်လည်း အပြောကောင်းတိုင်း အပေါင်းလက္ခဏာကိုဦးတည်သည်ဟု တသမတ်ယူဆ၍ မရနိုင်ချေ။ အကောင်းပြောခြင်း၏ရလဒ်မှာ သူများအကျိုးကို မထိခိုက်စေသော်လည်း အပြောကောင်းသူတိုင်း သူများအကျိုးဆောင်သည်ဟု ဥသုံယုံ၍မရနိုင်ချေ။ များသောအားဖြင့် ပင်ကိုယ်စွမ်းရည်မထက်မြက်သူများအတွက် သကာအုပ်နိုင်ရန် သဘာဝက 'အပြောကောင်း' အရည်အချင်းကို ထည့်ပေးလေ့ ရှိတတ်သည်။

## သိထားပါသည်

အမှန်အရည်အချင်းရှိကြသူများမှာ 'အကောင်းပြောသူ'နှင့် 'အပြောကောင်းသူ' တို့ကို လွယ်ကူစွာခွဲခြား (Evaluate) လုပ်နိုင်သော်လည်း ထို 'ပြော' သူမှုလောက်

mgyoe.com

mgyoe.com
အရည်အချင်းမရှိကြသူများမှာ 'အပြောကောင်းသူ'အပေါ် ယုံကြည်ကြမည်မှာ မလွဲချေ။ အတွေ့အကြုံ အတန်အသင့်ရှိ၍ သဘာဝယုတ္တိဖြင့် ချင့်ချိန်နိုင်သူများမှာ 'အပြောကောင်းသူ' တို့၏ အရည်အချင်းမှန်ကို ထိုးဖောက်မြင်နိုင်ကြသည်။ ဘာပြော ပြောယုံလွယ်သူတို့မှာမူ 'အပြောကောင်းသူ'တို့၏ သားကောင်ဖြစ်ရတတ်လေ့ရှိသည်။

ဗိသုကာပုံစံထုတ်ဌာနကို တာဝန်ယူခဲ့စဉ်က (Draftman) ပုံဆွဲတစ်ဦးကို တွေ့ခဲ့ဖူးသည်။ ဗိသုကာပညာကို အခြေခံကျကျ၊ အတွေးအခေါ်ရှင့်ရှင့်ဖြင့် သင်ကြားခွင့်မရခဲ့သော်လည်း လောက၏ပညာကိုမူ အထူးတလည်သင်စရာ မလိုဘဲ အတတ်မြန်ခဲ့သူဖြစ်သည်။ တစ်နှစ်ကျော်ကျော်ကာလအတွင်း 'ကိုခင်ဦး' ဆိုသော ထိုပုံဆွဲမှာ သာမန်အိမ်ဆောက်လိုသူ ပိုင်ရှင်များအတွက် ဝါရင့်ဗိသုကာကြီးတစ်ဦးမျှ 'အပြောကောင်းသူ'အဖြစ် ပြောင်းလဲနိုင်ခဲ့သည်။ ရုံးမှာထုတ်ထားသော ရာပေါင်းများစွာသော ပုံစံတို့မှာ သူ့အတွက် ကုန်ကြမ်းများဖြစ်ခဲ့ပြီး ထိုပုံစံများရရန် မည်မျှစဉ်းစား တွေးတောပုံစံထုတ်ခဲ့ရကြောင်းကို ရှွန်းရှွန်းဝေအောင် ပြောတတ်သူဖြစ်သည်။ မုဆိုးစိုင်သင်ရင်း၊ အလုပ်ထက်အပြောကောင်းလျှင် 'သားကောင်မိနိုင်သည်' ဟူသော အသိက တဖြည်းဖြည်းသူ့အသွေးအသားထဲ လိုမ့်ဝင်မှန်းမသိ လိမ့်ဝင်ခဲ့ပြီဖြစ်သည်။ တစ်ဆင့်တက်၍ပုံစံ ထုတ်ရုံမျှမက တည်ဆောက်ရေးလုပ်ငန်းကိုပါ လက်ခံလာသည်။ 'ခင်ဦး'ကံတက်လာသည်လား၊ အချောင်လိုက်သူများ ကံနိမ့်သည်လားမသိ၊ အိမ်ပိုင်ရှင် (၈) ဦးခန့်မှာ 'ခင်ဦး'၏ အပြောကောင်းသော စကားလုံးများအောက်တွင် 'ဆရာ' တ၍ နှောင်ကြိုးငင်မိနေကြပြီဖြစ်သည်။

မလိုအပ်လျှင် ဘယ်ပညာမှပေါ်လာမည်မဟုတ်ပါ၊ တကယ်မတတ်ဘဲ စကားလုံးများဖြင့်သာ တန်ဆာဆင်နိုင်စွမ်းသော 'ခင်ဦး'မှာ Time Management ဟူသော အချိန်၏စီမံခန့်ခွဲမှု၊ Labour Management ဟူသော လုပ်သားစီမံခန့်ခွဲမှု၊ Planning ညှိဖျင်းမှုနှင့် ငွေကြေးစီမံခန့်ခွဲခြင်း အားနည်းမှုတို့ကြောင့် တရားစွဲဆိုမှု၊ တိုင်ကြားမှုတို့နှင့် ရင်ဆိုင်ရပါတော့သည်။ စျေးနှုန်းအတက်အကျက 'ခင်ဦး' အတွက် ပြင်းထန်သော လက်သီးချက်တစ်ချက်လည်းဖြစ်ခဲ့သည်။ 'ခင်ဦး' အရေးယူခံရသည်။ ပိုင်ရှင်ရှစ်ဦးမှာလည်းငွေကြေးဆုံးရှုံးသည်။ ထူးခြားသည်မှာ အရာရှိကြီးနှစ်ဦးနှင့် ပညာတတ်တချို့ ပါဝင်နေကြခြင်းဖြစ်သည်။ 'ခင်ဦး'၏အပြောကောင်းခြင်းနှင့် 'သက်သာ'လိုခြင်းဟူသော မဆင်မခြင်လောဘကြောင့် ပျက်စီးရခြင်းဖြစ်သည်။

ခေတ်တစ်ခေတ်တွင် အရည်အချင်းမရှိသော်လည်း အပြောကောင်းသူများ နေရာရခဲ့ကြသည်။ 'အပြောကောင်းခြင်း'လား၊ 'အစွမ်းကောင်းခြင်း'လား မဝေခွဲ

mgyoe.com

mgyoe.com


နိုင်သူအထက်အရာရှိများကလည်းလက်ခံခဲ့ကြရင်း ပျက်စီးခဲ့ရသော သာဓကရှိခဲ့ဖူးပြီးဖြစ်သည်။ အဖွဲ့အစည်းတိုင်း၊ ကော်ပိုရေးရှင်းတိုင်း၊ နိုင်ငံတိုင်းမှာလည်း အပြောကောင်းသူများ ဆက်လက်ရှိနေဦးမည်ဖြစ်သည်။ လက်ခံသူ၊ နာယူသူ၊ အဆုံးအဖြတ်ပေးမည့်သူ၏ အရည်အချင်းက ပိုမြင့်ဖို့သာလိုသည်။

## ညှံ့မှန်းမသိကြသူများ

အဆင်အခြင်နည်းပါးစွာ အယုံလွယ်သူများမှာ အပြောကောင်းသူတို့၏ ပစ်မှတ်များဖြစ်သည်။ သဒ္ဓါလွန်လျှင်လည်း ကျွန်ဖြစ်တတ်ပြန်သည်။ လောဘပိုလျှင်လည်း ဆန့်ကျင်ဘက်ရလဒ်တို့ကို ရနိုင်ပြန်သည်။ သံ့ယာမိန်းမောတတ်လျှင်လည်း အပြောကောင်းသူတို့၏ ကြိုးဆွဲခြင်းကိုခံရတတ်သည်။ ဝန်ဆောင်မှုပေးသောလုပ်ငန်းတစ်ခုတွင် မန်နေဂျာများ မကြာခဏဒုက္ခတွေ့တတ်သောနေရာသို့ မန်နေဂျာအသစ်မလွတ်မီ အခြေအနေအရပ်ရပ်ကို သုံးသပ်ပြပြီး စေလွှတ်ခဲ့ဖူးပါသည်။ Formal Education ဖြစ်သော အတန်းပညာမြင့်မားကြသော်လည်း အစဉ်အဆက် ပတ်ဝန်းကျင်အခင်းအကျင်းအရ Informal Education မှ အရည်အချင်းတစ်ခုဖြစ်သော Social Dealing ဟူသော လူမှုဆက်ဆံရေးကို ထိုဒေသရှိ ဝန်ထမ်းအများစုမှာ ကျွမ်းကျင်နိုင်နင်းကြသူများ ဖြစ်သည်။

ဆရာက တပည့်မွေးသည်မှာ ကြားကောင်းသယောင်ရှိသော်လည်း တပည့်က နှုတ်မှ မန်နေဂျာကို 'ဆရာ'ခေါ်၍ လိုရာကြိုးဆွဲသွားသည်မှာ ရင်နာဖွယ်ရာကောင်းလှပါသည်။ အတန်းပညာသာမြင့်၍ အသိပညာနိမ့်ကြောင်း ထင်ရှားသော သာဓကတစ်ခုဖြစ်ပါသည်။ ရိုသေကျိုးနွံသည်၊ အမိန့်နာခံသည်၊ လူမှုရေးအလိုက်သိသည်။ အပြောကောင်းသည်၊ ဆရာကို ကြိုးတစ်မျှင်ချင်း ချည်နှောင်နေသည်ကို ဆရာလုပ်သူကမသိ၊ လိုရာဆွဲနိုင်ရန် 'ကကြိုး' စုံသောအခါ အပြောကောင်းသော တင်ပြမှုများတွင် အခြားအဆင်မပြေသူများအတွက် အကောင်းမပြောတော့ချေ။ အတတ်မြင့်သော မန်နေဂျာနှင့် အသိမြင့်သောတပည့်တို့ ပညာလွန်ဆွဲပွဲဖြစ်သည်။

အကျိုးရလဒ်မှာ ဆရာလုပ်သူ ထွေးရခက်၊ မျိုရခက်၊ လူ့ပ်ရခက်ဖြစ်သည်နှင့် တပည့်လုပ်သူကို လိုအပ်သည်ထက် လွန်ကျူးသောအခွင့်အရေးများကို ပေးရတော့သည်။ မန်နေဂျာ ကုလားထိုင်မှာသာ ရပ်ပြထိုင်ရသော်လည်း တပည့်လုပ်သူ၏အကြံဉာဏ်နှင့် ဖြစ်ချင်မှုများကသာ ကြီးစိုးတော့သည်။

* * *

mgyoe.com

mgyoe.com

အပြောကောင်းသူတိုင်းကို နိမ့်ပါးသောအရည်အချင်း ပိုင်ဆိုင်ကြသူများဟု ဝါးလုံးရှည်ဖြင့် သိမ်းကျုံးရမ်းခြင်းမဟုတ်ပါ။ သို့သော် သတိပြုရန်ကောင်းသည်မှာ နိမ့်ပါးသောအရည်အချင်းပိုင်ဆိုင်သူများမှာ ထိုသောအရည်အချင်းကို ဖုံးကွယ်ရန် အပြောကောင်းသမားများအဖြစ် ကြိုးစားတတ်ကြပြီး သဘာဝကလည်း ချိန်ခွင်လျှာ ညှိပေးတတ်လေ့ရှိကြသည်။ ရုပ်ရည်သင့်တင့်သောအမျိုးသမီးများ မိတ်ကပ်ခြယ်၊ နှုတ်ခမ်းနီအဆိုးများခြင်းနှင့် ဥပမာပေးလျှင် ရမည်ထင်သည်။

များသောအားဖြင့် အပြောကောင်းသူများသည် အကျိုးတစ်ခုအတွက် ရှေးရှု ကြိုးစားကြသူများဖြစ်သဖြင့် အလုံးစုံသည် အကောင်းချည်း ဟုတ်ချင်မှဟုတ်ပေမည်။ စကားလုံးရွေးချယ်တတ်မှု၊ တင်ပြမှုပုံစံကောင်းမွန်မှု၊ မိုးလေဝသအခြေအနေများ အကဲခတ်တတ်မှုတွင် ကျွမ်းကျင်ပြီးဖြစ်သဖြင့် အကြောင်းအရာအရ မကောင်းသည် ကိုပင် သာယာနာပျော်ဖွယ်ဖြစ်အောင် တင်ပြစည်းရုံးနိုင်စွမ်းရှိသူများ ဖြစ်သည်။ တစ်ဦးချင်း၊ တစ်ဖွဲ့ချင်းမှသည် ကော်ပိုရေးရှင်းကြီးများအထိ အပြောကောင်းခဲ့၍ အကျိုးရှိခဲ့သူများ၊ နစ်နာသူများ ဒုနှင့်ဒေးရှိကြရသည်။ အမေရိကန်ရှိ နာမည်ကြီး ကုမ္ပဏီကြီးတချို့ ကုမ္ပဏီ တကယ်အရှုံးပေါ်နေသည်ကို အပြောကောင်းခြင်းဖြင့် ဖုံးဖိ၍ ရှယ်ယာဈေးကွက်ကိုတင်ပြီးရောင်းချခဲ့ရာ နောက်ဆုံး အမှုရင်ဆိုင်ကြရသည် အထိ ဖြစ်ခဲ့သောဥပမာများစွာ ရှိနေပါသည်။

အမေရိကန်သမ္မတ ရွေးကောက်ပွဲများတွင် စကားစစ်ထိုးရာ၌လည်းကောင်း၊ မဲဆွယ်စည်းရုံးရာ၌လည်းကောင်း အပြောကောင်းခြင်းသည်ပင် 'မဲ' အရေအတွက် ကြီးစွာအတိုးအလျော့ဖြစ်သွားနိုင်သည်ကို လေ့လာလျှင် 'အပြောကောင်းခြင်း၏ အတတ်ပညာသည် မည်မျှအရေးပါ၍ ဖမ်းစားနိုင်၊ လွှမ်းမိုးနိုင်သည်ကို တွက်ဆနိုင် မည်ဖြစ်သည်။ သမ္မတတိုင်း ပြောခဲ့သည့်အတိုင်း တသွေမတိမ်းလုပ်ပေးနိုင်ခဲ့ကြ သည် မဟုတ်ချေ။

အခြေအနေအရ 'အပြောကောင်း' လိုက်ရသောအခါမျိုးနှင့် လူတိုင်းကြုံတတ် ရမည်ဖြစ်သည်။ အပြောကောင်းသည့်နောက်တွင် 'အလုပ်ကောင်း'ရန်သာဖြစ်သည်။ အလုပ်ကနောက်ကမလိုက်ဘဲ 'အပြောကောင်းခြင်း' တစ်ခုတည်းဖြင့် ဘဝတစ်ခုကို မရှင်သန်နိုင်ချေ။ တချို့အပြောသာကောင်း၍ အလုပ်မလိုက်နိုင်ချေ။ အရည်အချင်း မပြည့်မီ၍လည်း ဖြစ်နိုင်သလို၊ လုပ်လိုသောဆန္ဒမရှိ၍လည်း ဖြစ်နိုင်သည်။ မည်သို့ ဖြစ်စေ အပြောကောင်းခြင်း၏နောက်တွင် 'Result' တစ်ခုမရှိလျှင် လိုရာပန်းတိုင် ရောက်မည်မဟုတ်ချေ။

အဖွဲ့အစည်းတို့ကို ဦးဆောင်သူများ၊ လူမှုဆက်ဆံရေးအရာရှိများ၊ ဝန်ဆောင်

mgyoe.com

မှုပေးသောလုပ်ငန်းများတွင် တာဝန်ရှိကြသူများမှာ အပြောကောင်းရန် အခြေခံအဖြစ် လိုအပ်လေ့ရှိပါသည်။ အပြောကောင်းခြင်းသည် ဖမ်းစား၊ စည်းရုံးနိုင်သောအရည်အချင်းဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရန် အခွင့်အလမ်းများထဲမှ တစ်ခုသောအရည်အချင်းလည်းဖြစ်ပါသည်။ သံတမန်အခင်းအကျင်းများတွင် အပြောကောင်းခြင်းသည် အဓိကကျသောအရည်အချင်းတစ်ခုအဖြစ် နှောင်းခေတ်တွင် ရှေ့တန်းတင်လာကြပါသည်။ တင်းမာမှုလျော့ပါးခြင်း၊ တုံ့ဆိုင်းခြင်း၊ ရပ်တန့်ခြင်းစသော Stalemate/Dead Lock များမှာ အပေးအယူအပေါ် အခြေခံသော်လည်း အပြောကောင်းခြင်း၊ တင်ပြပုံပါးနပ်ခြင်းများက အဓိကသရုပ်ဆောင်များ ဖြစ်လာလိမ့်ရှိတတ်ကြသည်။

ပြင်ပကျူရှင်ဆရာများတွင် အပြောကောင်းခြင်းသည် မြင်သာ၊ ထင်သာရှိသောအရည်အချင်းများဖြစ်သည်။ သင်ရိုးညွှန်းတန်းတစ်ခုကို သင်ကြားရာတွင် အပြောကောင်းသူနှင့်မကောင်းသူတို့၏ နောက်လိုက်တပည့်အင်အားတူညီမည် မဟုတ်ချေ။ နိုင်ငံရေးသမား၊ ရှေ့နေ၊ တရားဟောဆရာများအပြောမကောင်း၍မရ။ တချို့သက်မွေးဝမ်းကြောင်း Profession အရ အပြောကောင်းရန် အခြေအနေအရ ဖန်တီးကြရမည်လည်း ဖြစ်သည်။ အရေးကြီးသည်မှာ 'အကောင်းပြော'ရန်သာ ဖြစ်သည်။ အပြောကောင်းသောတင်ပြမှုများနောက်တွင် အကောင်းပြောခြင်း အင်္ဂါရပ်များမပါဝင်ပါက တည်တံ့ချောမွေ့စွာ အောင်မြင်နိုင်မည်မဟုတ်ချေ။

အမှန်တရားပေါ်အခြေခံသော၊ ရိုးသားဖြူစင်သော ရည်ရွယ်ချက်တစ်ခုအတွက် 'အပြောကောင်း'သူများကို ချီးကျူးဖွယ်ရာဖြစ်သော်လည်း Negative Sense ပေါ်အခြေခံသော အပြောကောင်းခြင်းအတွက်မူ ကြိုဆိုရန်မသင့်ချေ။ လေ့လာစိစစ်တတ်ရန်လိုပေသည်။ ဆန္ဒလွန်၊ သဒ္ဓါလွန်၊ လောဘလွန်ခြင်းများသည် အပြောကောင်းသူများ၏ နောက်ကွယ်ရည်ရွယ်ချက်များကို သတိမူနိုင်ကြမည် မဟုတ်ဘဲ အပြောကောင်းသူများ၏ အသုံးချခံများ ဖြစ်ရတတ်လေ့ရှိသည်။ အပြောကောင်းခြင်းသည် စည်းရုံးစွမ်းရည်တစ်ခု ဖြစ်သည်။ အမေရိကန်တွင် လူရာနှင့်ချီသော နောက်လိုက်တို့ကို တစ်ပြိုင်နက် အဆိပ်သောက်သေစေခဲ့သောဘာသာရေးခေါင်းဆောင်တစ်ဦး၏ အပြောကောင်းခြင်းစွမ်းရည်ကိုကြည့်ခြင်းအားဖြင့် အပြောကောင်းသူများ၏စွမ်းရည် မည်မျှထက်မြက်လွှမ်းမိုးနိုင်သည်ကို အကဲခတ်နိုင်မည် ဖြစ်သည်။

စွမ်းရည်တည်မြဲမှုနိယာမကို လက်ခံလျှင်သော်လည်းကောင်း၊ ဗုဒ္ဓဘာသာ၏ 'ကံနှင့်အကျိုးတရား' ကို ယုံကြည်လျှင်သော်လည်းကောင်း၊ အပြောကောင်းသူတိုင်း အလုပ်ကောင်းရန် လိုအပ်ပါသည်။ အကောင်းပြောရန်လည်း လိုအပ်ပါသည်။

mgyoe.com

mgyoe.com

ဗုဒ္ဓသည် လူတိုင်းကိုမေတ္တာထားရန်၊ မစ္ဆရိယစိတ်ကင်းဝေးရန်၊ အဆုံးအမထားခဲ့ပြီး ဖြစ်ပါသည်။ အကောင်းပြောခြင်းသည် ထိုသောကုသိုလ်စိတ်များ၏ ဖြစ်တည်ရာ အခြေခံလည်း ဖြစ်ပါသည်။ အပြောကောင်းခြင်းသည် အများမရနိုင်သော အရည် အချင်းတစ်ခုဖြစ်သလို အကောင်းပြောနိုင်ခြင်းသည်လည်း လူတိုင်းမလုပ်နိုင်သော အရည်အချင်းတစ်ခုဖြစ်သည်။ အပြောကောင်းခြင်းအတွက် လက်ငင်းရလဒ် (Immediate Effect) ရနိုင်သလို အကောင်းပြောခြင်းအတွက်လည်း Positive Consequence ဟူသော အကျိုးရလဒ်များရလာနိုင်မည်ဖြစ်ပါသည်။ ရေတိုတာ ထွက် ကောင်းရန်လိုအပ်သလို ရေရှည်အကျိုးအတွက်လည်းအရေးကြီးသည်ဖြစ်၍ အပြောလည်းကောင်း၊ အကောင်းလည်းပြောနိုင်လျှင် အတ္တနှင့်ပရအကျိုးများ မျှတစွာ ခံစားရရှိနိုင်ကြမည်ဖြစ်သည်။ အသိနှင့်ပညာကို ခွဲခြမ်းစိတ်ဖြာလျှင် အပြောကောင်း ခြင်းသည် အတတ်ပညာပေါ် အခြေခံခြင်းဖြစ်ပြီး လိုက်စား၊ လေ့လာ၊ ကျင့်ကြံလျှင် ရရှိနိုင်သောအရာဖြစ်သည်။ အကောင်းပြောနိုင်ခြင်းသည်ကား အသိပေါ်အခြေခံ သည်ဖြစ်၍ သိမှုနက်နဲရန်နှင့် စိတ်ထား–ထားတတ်ရန်၊ မွေးမြူတတ်ရန်ဖြစ်၍ ပိုမိုခက်ခဲသော အရည်အချင်းတစ်ပါး ဖြစ်ပေသည်။

ဘဝများစွာ ဖြစ်တည်မှုကို လက်ခံလျှင် လောကီတုံ့ပြန်မှုကို ရနိုင်အောင် အပြောကောင်းရန် လိုအပ်သလို လောကီ၊ လောကုတ္တရာအကျိုးအတွက်ရှေးရှု၍ အကောင်းများပြောတတ်ရန်ဖြစ်သည်။ အပြောကောင်းသူတိုင်း၏စကားတွင် အ ကောင်းမပါတတ်သော်လည်း အပြောကောင်း၍ အကောင်းပြောတတ်လျှင် အကျိုး နှစ်ဖြာရရှိ နိုင်ကြမည် ဖြစ်သည်။ အကောင်းပေါ်အခြေခံ၍ အပြောကောင်းနိုင်ကြရန် ဖြစ်ပါသည်။

❖

mgyoe.com

mgyoe.com

# ကံစွမ်းသူလား - ဉာဏ်စွမ်းသူလား

30th March 2004

အထက်တန်းကျောင်းသားဘဝက သူငယ်ချင်းတစ်ဦးရှိ၏။ တစ်နေ့ 'ဝင်းရှိန်' ကျောက်အောင်ကြောင်းကြားရပြီး ကျောင်းထွက်သွားခဲ့သည်။ နေ့ချင်းညချင်းကြီးပွားသွားသော 'ဝင်းရှိန်'၏ဩဇာမှာ ကျောက်လောကတွင် တော်တော်လွှမ်းမိုးနိုင်ခဲ့သည်။ အင်းလျားလမ်းပေါ်တွင် မြေတစ်ကွက် သုံး၊ လေးသိန်းခေတ်၌ ဝယ်မည်ဆိုလျှင် လမ်းတစ်ဝက်မက ဝယ်လို့ရသည်။ ဆိုရှယ်လစ်ခေတ်က ကားသုံးစီးရှင်ဖြစ်သည်။ စကော့ဈေး ကျောက်ဈေးကွက်တွင် 'ဝင်းရှိန်' မပါလျှင်မပြီး၊ 'ဒိတ်' ကျောက်များဈေးကို 'ဝင်းရှိန်' နှုတ်ထွက်ဖြင့်သာ သတ်မှတ်သည်။ ကျောက်ကောင်းလျှင် 'ဝင်းရှိန်' ကိုသာ ပြကြရသည်။ Personal Assistant ကို ထိုအခါတည်းက 'ဝင်းရှိန်' တို့ထားဖြစ်ခဲ့သည်။ တရားဝင်အိမ်ထောင်မကျခင်ကတည်းက အငယ်ပေါင်းများစွာထားနိုင်အောင် ထိုစဉ်ကတည်းကခေတ်မီခဲ့သူဖြစ်သည်။ တရားဝင် အိမ်ထောင်နှစ်ဆက်မှာ ကလေးနှစ်ယောက်စီမွေးပြီး ကွဲသွားကြပြန်သည်။

(၈) နှစ်မျှအကြာတွင် တစ်ချိန်က 'လျှမ်းလျှမ်းတောက်' ကျော်ကြားခဲ့သော ရုပ်ပါသူဌေးကြီး 'ဦးဝင်းရှိန်' ကို ဆူးလေဘုရား ဘတ်(စ်)ကားဂိတ်တွင် အမှတ်မထင်ပြန်တွေ့ဖြစ်မည်ဟု ဘယ်တုန်းကမျှ မမျှော်လင့်ခဲ့။ စီးပွားကျသည်ဟူသောသတင်းကိုသာရသော်လည်း ဘတ်(စ်)ကား ပြန်စီးရသည့် အဆင့်သို့ရောက်မည်ဟု လုံးဝမထင်၊ တစ်ချိန်က 'ဝင်းရှိန်'၏တပည့်အိတ်ဆွဲ 'မောင်ကြိုင်'က 'ဝင်းရှိန်' နေရာလောက် မဟုတ်ပေမယ့် စကော့ဈေးတွင် ဆိုင်များပိုင်ကာ အခြားအခြေချ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နေပြီး 'ဝင်းရှိန်' အိမ်များထဲမှ တစ်လုံးကိုပင် ပြန်ဝယ်ထားသည်ဟုသိရသည်။

ထိုစဉ်က သူငယ်ချင်းများတွင် 'ခွန်သိန်းဖေ'သည်လည်း တစ်ဦးဖြစ်သည်။

mgyoe.com

mgyoe.com

ဘုန်းကြီးကျောင်းတွင် ဝတ်ကြီးဝတ်ငယ်ပြုရင်း အနိုင်နိုင် (၉) တန်းအထိ ပညာသင်ခဲ့ရသူတစ်ဦးဖြစ်သည်။ စာအတူကျက်ရင်း မျှဝေခံစား လက်တွဲခဲ့ရသော 'ပအို့ဝ်' လူမျိုးဖြစ်သည်။ သင်ကြားစရိတ်မတတ်နိုင်တော့သဖြင့် ကျောင်းထွက်အံ့ဆဲဆဲတွင် အိမ်ကရသောမုန့်ဖိုးမှ အငတ်ခံမျှဝေရင်း ဆွဲထုခဲ့ရသူဖြစ်သည်။ လူငယ်ဘာသာဘာဝ ဟိုရောက်သည်ရောက် ရောက်တတ်ရာရာ စကားစမြည်ပြောရင်း ဘဝနာ . . . အောက်သက်ကျေနိုင်သူဟု သတိထားမိသူတစ်ဦးလည်း ဖြစ်သည်။

အထက်တန်းကျောင်းသားဘဝကွဲသွားကြပြီး ဆယ်စုနှစ်တစ်ခုကျော်ကျော်တွင် 'ခွန်သိန်းဖေ'ကို မင်္ဂလာဆောင်တစ်ခုတွင် မမျှော်လင့်ဘဲတွေ့လိုက်ရသည်။ သူ့ကြည့်၊ ကိုယ့်ကြည့်ရင်း . . . နောက်ဆုံးမှတ်မိကာ ရှေးဟောင်းနှောင်းဖြစ် ပြောရန် 'ခွန်သိန်းဖေ'က စားသောက်ဆိုင်ကြီးတစ်ခုသို့ချိန်းသည်။ ညစာအတူစားမှ ထိုစားသောက်ဆိုင်ကြီးကို 'ခွန်သိန်းဖေ' ပိုင်မှန်းသိသည်။

"ဆရာဦးကျော်ရင်ပြောတဲ့စကား ကိုယ်မှတ်မိနေသေးတယ်။ ပညာမရှိရင် ဉစ္စာရှိရမယ်၊ အခက်အခဲတွေကို အင်အားအဖြစ်ပြောင်းလဲအသုံးချနိုင်ရမယ် . . ."

သံလိကာလို လျှာဖျားပေါ်က ပြောသည့်စကားမဟုတ်၊ သူကိုယ်တိုင် လိုက်နာကျင့်ကြံခဲ့သော ဒသနများဆိုသည်ကို အသံတုန်နှုန်းနှင့် မျက်ဝန်းများက ဖော်ပြနေပါသည်။ အမှတ်မထင်ခွဲဝေပေးခဲ့သော ငယ်စဉ်က မုန့်ဖိုး၏တန်ဖိုးများကို လည်း တသပြသည်။ အိမ်မှာစားသွားသော ထမင်းနပ်တို့၏လက်ရာနှင့် ကျေးဇူးတို့ ကိုလည်း အမှတ်ရရဖော်ကျူး၏။ သူ့ဘဝဇာတ်ကြောင်းကိုလည်း ပြောနိုင် သလောက်ဖွင့်ချ၏။ ဘဝကိုစစ်တုရင်တစ်ပွဲကဲ့သို့ သဘောထားပုံ၊ အစ၊ အလယ်ကို အတတ်နိုင်ဆုံး၊ အကောင်းဆုံး 'ရွှေ့'ထားနိုင်ပါမှ နိဂုံးကောင်းနိုင်ပုံ၊ 'ကံ'တရား၏ အတက်အကျနှင့် ပြုပြင်ပြောင်းလဲမှုကို အဆုံးစွန်အထိ မလိုက်လျောသင့်ပုံ . . .။ ဘာမှပြန်မပြောမိ၊ 'ကံ' တရား၏ အချယ်အလှယ်ကို လုံးဝဥသုံခံယူသွားရာသည့် 'ဝင်းရှိန်' နှင့်အတူ ယှဉ်၍သာတွေးမိသည်။ ပညာဆုံးအောင် 'ခွန်သိန်းဖေ' သင်ကြားခွင့်မရခဲ့ပါ။ ဘဝနာ၊ အသိနက်ခဲ့သော 'ခွန်သိန်းဖေ'တစ်ယောက် . . . သူ့ ဘဝ 'တက်'ကို သူနိုင်နင်းစွာပဲ့ကိုင်နိုင်ခဲ့ပြီ ဖြစ်သည်။ မုဒိတာပွားရပါသည်။ လေးစားရပါသည်။ သက်တူရွယ်တူဆိုသော်လည်း မိမိငယ်စဉ် အိမ်ကို လက်ဖြန့်မုန့်ဖိုး တောင်းသည့်အချိန်တွင် ဆရာတော်ကို ဝတ်ကြီးဝတ်ငယ်ပြုရင်း . . . ဘဝကို ရုန်းကန်ခဲ့ရသဖြင့် ပိုမိုခက်ထန်သောဘဝကို ဖြတ်သန်းခဲ့ရသည့် သူ့ 'ကြိုးစားမှု' ကိုအသိအမှတ်ပြုရမည်သာ ဖြစ်ပါသည်။

mgyoe.com

**ကံစွမ်းသူများ**

မသိနိုင်တော့သည့် မမြင်ခဲ့ရသောဘဝများစွာကို ဖြတ်သန်းခဲ့ရသော ခရီးရှည်တွင် မိမိတို့၏ ကောင်းမှု၊ မကောင်းမှု စေတနာများ စုတေကာ လက်ရှိဘဝတွင် 'ကံ' ၏ အပွင့်အသီး အနေအထားအမျိုးမျိုးကို ပြန်လည်တုံ့ပြန်ရရှိမည်ဖြစ်သည်။ တချို့ ပွင့်ဆဲ၊ တချို့ သီးကင်းစ၊ တချို့ ရူးရန်အသင့် အမှည့်တဝင်းဝင်း စသည်ဖြင့်အမျိုးမျိုးဖြစ်ချေသည်။'ကံ'သည် စွမ်းအင်တစ်မျိုးဖြစ်ပြီး ဖျက်ဆီး၍မရသော အရာလည်း ဖြစ်သည်။ 'ကံ'ကို လက်ခံသောဗုဒ္ဓဝါဒသည် 'ကံ' ချည်းသက်သက်ကို မမှီခိုင်းချေ။ ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးကိုမျှတစွာသုံးစွဲ၍ ဘဝတစ်ခုကိုထူထောင်သင့်ကြောင်း ဗုဒ္ဓကမြွက်ကြားခဲ့ပြီးဖြစ်သည်။ 'ကံကြီး'များ အကျိုးပေးခြင်းကို တားဆီး၍မရသော်လည်း အင်အားနည်းသော 'ကံငယ်'များအတွက်မူ ပညာဉာဏ်၊ ဝီရိယတို့ဖြင့် ပြုပြင်ပြောင်းလဲ၍ရသည်။ ကောင်းသောကံများကို မွေးမြူနိုင်သည်ကို အသိရှိလျှင် ယခုဘဝအတွက်ပါ 'ကံမွေးရင်း' သုံးစားသွားနိုင်ပေသည်။

နည်းနည်းလုပ်၍များများရခြင်းသည် အတိတ်ကံ၏ မဟာအထောက်အပံ့များဖြစ်သည်။ အတိတ်ဆိုသည်မှာ ပြန်လည်သွားရောက်ပြုပြင်၍ မရနိုင်သောနေရာဖြစ်သဖြင့် ထို 'ကံ'၏အကျိုးပေးကို ယခုဘဝတွင် ဘာမှပြုပြင်နိုင်မည်မဟုတ်။ လွန်ခဲ့သော 'လ'က လမ်းဘေးလျှောက်နေသူတစ်ဦး ရုတ်တရက် အိပ်မက်မကချမ်းသာခြင်းသည် အတိတ်ကံ၏ အကျိုးပေးဖြစ်သည်။ တပ်ကြပ်မှ ယူဂန္ဓာသမ္မတဖြစ်ခြင်းမျိုးအထိပါဝင်သည်။ မှည့်ဝင်းကြီးထွားသော အသီးအနေအထားဖြစ်ခြင်းသည် အတိတ်၊ ပစ္စုပ္ပန်ကံများနှင့်သာ သက်ဆိုင်ပြီး ထိုအသီးကို မဆင်မခြင်စားသုံးခြင်းသည် ပစ္စုပ္ပန်သက်သက်ဖြစ်သော ပညာ၊ ဝီရိယတို့နှင့်သာဆိုင်ပြီဖြစ်သည်။ မိဘက အမှတ်မထင်ပေးသောငွေတစ်ထောင်ကို ဆင်ဆင်ခြင်ခြင်သုံးစွဲသူနှင့် မဆင်မခြင် မိနစ်ပိုင်းအတွင်း သုံးစွဲသူတို့၏ ဥပမာနှင့်ဆီလျော်နိုင်မည်ထင်သည်။ 'ဆင်ခြင်ခြင်း'သည်ပင် ဉာဏ် (သို့မဟုတ်) ပညာဖြစ်သည်။ ထိန်းသိမ်းခြင်း၊ စနစ်တကျသုံးစွဲခြင်းသည်-ဝီရိယ၏ဝိသေသဖြစ်သည်။

သားမိုက်သော်လည်း တစ်ချိန်က နေကောင်းလားဟူသော နဖူးစမ်းပေးခဲ့သည့်အကြင်နာကြောင့် မုန့်ဖိုးများများ ရနိုင်ပါ၏။ အဆင်အခြင်မဲ့၍ မုန့်ဖိုးများသော်လည်း မကြာခင်ကုန်နိုင်ပါသည်။ 'ကံ'စွမ်းသည့်အခါ ရပ်တန့်၍မရပါ။ ပြုပြင်၍လည်းမရပါ။ ဖယ်ရှား၍လည်းမရပါ။ ယှဉ်ပြိုင်၍ ရကောင်းသည်လည်းမဟုတ်ပါ။ လူတိုင်းရနိုင်သောအရာလည်းမဟုတ်ပါ။ 'ကံ' စွမ်းသော်လည်း 'ဉာဏ်မစွမ်း'လျှင် ခြေမြဲမည်မဟုတ်ပါ။ တာထွက်အရှိန်ပြင်းသော်လည်း လမ်းခုလတ်တွင်ခလုတ်

mgyoe.com

တိုက်နိုင်ပါသည်။ 'ကံစွမ်း'သူသည် 'ကံ'ပေါ်ရာနူန်းပြည့်မှီနေရသည်ကို အထူး သတိပြုရန်ဖြစ်ပါသည်။ တစ်ချိန်က နဖူးစမ်းခဲ့သည့်အကြင်နာကြောင့် မုန့်ဖိုးများများ တစ်ခါရနိုင်သော်လည်း သားမိုက်ကို ပညာရှိသောဖခင်တို့က မကြာခဏမုန့်ဖိုး များများပေးမည် မဟုတ်သည်ကို သတိထားသင့်ပါသည်။ မိမိ၏ ကြိုးစားမှုပေါ် အခြေခံသည်မဟုတ်သော 'ကံစွမ်း' သူများသည် ရာနူန်းပြည့် ကံ၏ပြုပြင်မှုကို ခံရမည်ဖြစ်သည်။ မြင့်မြင့်တက်နိုင်သော်လည်း ခပ်ဆတ်ဆတ်ကျနိုင်သည်။ 'ကံ' ၏သဘောလည်းဖြစ်သည်။ သူများထက် အမြင့်ပိုတက်ခဲ့သဖြင့် အကျလည်း ပိုနာ နိုင်သောအလေ့သည် ကံစွမ်းသူတို့၏ သဘာဝဖြစ်သည်။

ဉာဏ်စွမ်းသူတို့သည် ဘဝကိုပို၍နက်နဲစွာ နားလည်လေ့ရှိကြသည်။ ပို၍ အမြင်ရှူးရှသည်။ အသိထဲထဲဝင်ဝင်ရှိသည်။ ဝီရိယထားသည်။ စနစ်ရှိသည်။ ဘဝ တစ်ခုကိုအိပ်မက်တစ်ခုလို သဘောထားသည်မဟုတ်။ 'ကံ' သည် မလွန်ဆန်နိုင် သောအရာဖြစ်သည်ကို သိထားသော်လည်း ကိုယ့်ဘက်ရှိ၍ ပြုပြင်တည်ဆောက်ယူ ၍ရသည့် ဉာဏ်နှင့်ဝီရိယကို အလေးထားသူများ ဖြစ်သည်။ ကြီးသောအသီးကို မရနိုင်သော်လည်း သေးသောအသီးများကို 'ရှေ့ဖို့၊ နောက်လျာ' စီမံခန့်ခွဲနိုင်သည်ဖြစ် ၍ ရုတ်တရက်အခြေမပျက်နိုင်ခြင်းသည် 'ဉာဏ်စွမ်း' သူတို့၏ဝိသေသဖြစ်သည်။

ကောက်ရိုးမီးလို တစ်မဟုတ်ခြင်းတောက်၍ တစ်မဟုတ်ခြင်းငြိမ်းသွားကြသော 'ကံစွမ်းသူ'များနှင့် ဖြေးဖြေးမှန်မှန် ဘဝ၏လုံခြုံမှုကို ရယူနိုင်သော 'ဉာဏ်စွမ်းသူ'များ အနှစ်သာရ မတူညီကြ။ ဉာဏ်စွမ်းသူသည် အရွယ်သုံးပါး ရွေးသည်မဟုတ်၊ ကြာရှည်လေ သက်လုံကောင်းလေ သဘာဝရှိသည်။ အတွေ့အကြုံနှင့်အတွေး အခေါ်ထပ်ပေါင်း၍ဖြစ်သည်။ အရွယ်သုံးပါးတွင် ပထမအရွယ်သည် မှီခိုဘဝဖြစ်၍ ဒုတိယအရွယ်သည် ဘဝ၏စိန်ခေါ်မှုများကို ရင်ဆိုင်တိုက်ပွဲဝင်ရသော အရွယ်ဖြစ် သည်။ တတိယအရွယ်လွန်တွင် ရုပ်ပိုင်းဆိုင်ရာပြန်လည်ကျဆင်းသည်ဖြစ်၍ ပြန်လည်မှီခိုရွယ်ဖြစ်သည်။ ရုပ်ပိုင်းစိတ်ပိုင်းသည် ဒုတိယအရွယ်မျှလောက် ကြံ့ခိုင် သန်စွမ်းမှုမရှိနိုင်၊ ဘဝတစ်လျှောက် အရေးအကြီးဆုံးအပိုင်းလည်း ဖြစ်သည်။ သက်သောင့်သက်သာ နေထိုင်နိုင်သင့်ပြီး ဝေးဝေးတွေးနိုင်သူတို့က နောက်ဘဝ အတွက် ပြင်ဆင်မှုများ ပြုလုပ်ကောင်းသည့်အရွယ် ဖြစ်သည်။ ထိုသော 'နှောင်းရွယ်' တွင် မနက်စာ၊ ညစာအတွက်မျှလောက်ကို ပူပင်ကြောင့်ကြနေရသေးလျှင် ဘဝ၏ တန်ဖိုး သုညအောက်မျှသာဖြစ်ပေမည်။

ကံစွမ်းသူများ တတိယအရွယ်တွင် ဘဝကို စီမံခန့်ခွဲမှုမလုပ်နိုင်ပါက ဒွေးထိုး ဆောင်းခဲ့စဉ်ကို စဉ်းစားမိတိုင်း စိတ်ပိုင်းဆိုင်ရာဆုံးရှုံးမှုကြောင့် ပို၍မနေပျော်သော

mgyoe.com

ဘဝနှင့်သာ အဆုံးသတ်ရမည်ဖြစ်သည်။ 'ကန်စွန်းရွက်'ပြန်ကိုက်ရတော့ရော ... ဘာဖြစ်လဲ' ဟူသော ကံစွမ်းသူများသည် လျှာအရသာထက် ပိုမိုဆိုးဝါးသော 'စိတ်အရသာ'ကို ကြိုးစားဖုံးကွယ်လိုသူများသာဖြစ်သည်။ လျင်မြန်စွာကျဆင်းလာသော ဇရာ၏အငွေ့အသက်များသည် ဒုတိယအကြိမ် ကန်စွန်းရွက် ပြန်ကိုက်သည့်အခါ ပိုမိုမြန်ဆန်တတ်ပါသည်။

တစ်မှဟုတ်ခြင်း ကိုယ်ရောင်ကိုယ်ဝါထွန်းတတ်သော ကံစွမ်းသူများကို ဉာဏ်စွမ်းသူတို့ မချိတင်ကဲဖြစ်တတ်သည်။ ကြိုးစားမှုမတူ၊ ဉာဏ်ရည်မတူသော်လည်း ရှေ့ခရီးအများကြီးရောက်နှင့်သည်ဟု ထင်ဖွယ်ရာရှိသော်လည်း အရေးကြီးသော ဘဝ၏ တတိယနှောင်းပိုင်းကာလသို့ ရောက်သည့်အခါ ဘဝတစ်ခုကို အေးချမ်းစွာ အဆုံးသတ်ရသောကာလတွင် ဆုလာဘ်များကို တစ်ဝကြီးရမည်ဖြစ်သည်။ ဘဝသည် ပုံသေနည်းပြု၍ တည်ဆောက်မရသဖြင့် မမျှော်မှန်းနိုင်သောပုစ္ဆာများကို ဉာဏ်စွမ်း သူသာဖြေနိုင်မည်ဖြစ်သည်။ Bill Gate လို ကံရော၊ ဉာဏ်စွမ်းသူမျိုးသည် သန်းရာပေါင်းများစွာတွင်မှ တစ်ဦးတစ်လေထွက်ပေါ်လာတတ်ပြီး နောက်ပိုင်းအချိန်များတွင် သူ့စည်းစိမ်တည်မြဲရန် ဉာဏ်အရာကို ပိုမိုအလေးပေးနေရကြောင်း လေ့လာနိုင်သည်။ အိန္ဒိယတွင် နယ်ပယ်ချဲ့ထွင်ခြင်းနှင့် Anti Trust Law ကြောင့် Microsoft ဗုန်းဗုန်းမကျသွားအောင် ခုခံကာကွယ်နိုင်ခြင်းသည် Bill Gate ၏ ဉာဏ်စွမ်းခြင်းကို ထင်ရှားစေပါသည်။

ဉာဏ်စွမ်းသူများသည် တစ်ဦးတစ်ယောက်ချင်းတွင်အရေးကြီးသလို အဖွဲ့အစည်းများကိုဦးဆောင်ရာတွင်လည်း ပို၍အရေးကြီးပါသည်။ ရှယ်ယာဈေးကွက် ဖွံ့ဖြိုးသောကာလ (Bull Market) တွင် သူသူငါငါ ပြုံးနိုင်ကြသော်လည်း ပြန်လည်ကျဆင်းသော (Bear Market) တွင် ချောက်ချားနေကြရပြီဖြစ်သည်။ ယနေ့ မျက်မှောက်ကို မရေရာသောကာလအဖြစ် ရှုမြင်ကြပြီး 'စွန့်စားမှုနည်းသောစီးပွားရေး' (Law Risk Venture) ကို အလုအယက်ရှာဖွေနေကြသည်။ 'ဒေါ်လာဈေးကျတယ်' ဟူ၍ သာမန်မြင်သောစီးပွားရေးသမားများရှိသလို အမေရိကန်–ဥရောပ၊ အမေရိကန်–တရုတ်ကုန်သွယ်မှုတွင် ဥရောပနှင့်တရုတ်တို့ အကြီးအကျယ် မျက်လုံးပြူးနေရသည်။ အတတ်ပညာဆိုင်ရာ ပါရဂူများဖြစ်ကြသော နိုင်ငံများ၏ ဦးဆောင်သူတို့ 'ဉာဏ်စွမ်း'ပြိုင်ခြင်းတစ်ခုဖြစ်သည်။ ဒေါ်လာ–ယွမ် ချိတ်ဆက်မှုကိုဖြုတ်၍ နှုန်းရှင်ဖြင့် မျှောထားရန် အကြိမ်ကြိမ်တောင်းဆို၍မရခဲ့သည့်နောက်ပိုင်း ဒေါ်လာတန်ဖိုး အလွန်အမင်းကျဆင်းသွားခြင်းနှင့် တန်ဖိုးကျသည်ကိုပင် ခပ်ပြုံးပြုံးဖြစ်နေခြင်းသည် တိုက်ဆိုင်မှုတစ်ခုအဖြစ်ယူဆရန် ခက်ခဲပါသည်။

mgyoe.com

mgyoe.com

State Country ဟုတင်စားသော စင်ကာပူသည် ဘာမှ သယံဇာတ မရှိပါ။ ရေကိုပင် မလေးရှားမှ ဝယ်ယူသုံးစွဲရသည်။ စိုက်စရာမြေမရှိ၊ မြေအောက်၊ မြေပေါ် နတ္ထိနိုင်ငံဖြစ်သည်။ နိုင်ငံအနေဖြင့် 'ကံမစွမ်း' ခဲ့ချေ။ လွတ်လပ်ရေးရကာစ အင်ဒိုနီးရှားနှင့် တရုတ်ရန်က ညမအိပ်ရဲအောင် ခြောက်လှန့်ခဲ့ပြီး မလေးရှားက သခွတ်ပင်မီးတကျည်ကျည်နှင့် ရင်ဆိုင်ခဲ့ရသော နိုင်ငံငယ်ဖြစ်သည်။ သဘာဝက ပေးခဲ့သော မြေသည် ကံမစွမ်းသော်လည်း ဦးဆောင်သူတို့ ဉာဏ်စွမ်းခဲ့၍ ယနေ့အာရှ၏ ကျားပေါက်တစ်ကောင်ဖြစ်နေချေသည်။ အနာဂတ်ကာလ၏ ပြင်းထန်သော စီးပွားရေးတိုက်ပွဲများအတွက် အသင့်အနေအထားရှိရန် လူငယ်လူတော်များကို အစိုးရတွင်း ထည့်သွင်း၍ ကြိုတင်ပြင်ဆင်ထားနှင့်ပြီ ဖြစ်သည်။

ရေနံထွက်၍ ဘာမှမလုပ်ဘဲ ထိုင်စားခဲ့သော နိုင်ငံတချို့ ကံစွမ်းစဉ်က မပူပင်မကြောင့်ကြရသော်လည်း ရေနံကုန်လျှင် 'ဉာဏ်စွမ်း'မှ ရတော့မည်ကို သိရှိပြီး ခြေမကိုင်မိလက်မကိုင်မိ ဖြစ်ကြရသည်။ ဦးဆောင်သူတို့ မိန်းမောခဲ့၍ ယနေ့ကြီးစွာ ပူပန်နေရပြီဖြစ်သည်။ ကံစွမ်း၍ အခြေအနေတစ်ခုကြောင့် ရုတ်တရက် သမ္မတ ဖြစ်လာသော အာရှတစ်နိုင်ငံမှ ခေါင်းဆောင်တစ်ဦးသည် ကမ္ဘာ့ဖိအားကို လွန်ဆန်လွတ်မြောက်နိုင်ရန် အယ်လ်ကေဒါ ပူးပေါင်းစစ်ဆင်ရေးတွင် 'ဉာဏ်စွမ်း'ကို လိမ္မာစွာအသုံးချခြင်းသည် အတုယူဖွယ်ရာ သင်ခန်းစာတစ်ခုဖြစ်သည်။

ကံစွမ်းခြင်းသည် အတိတ်၊ ပစ္စုပ္ပန်တို့၏အကျိုးဖြစ်ပြီး လူတိုင်းမရနိုင်ပါ။ ဉာဏ်စွမ်းခြင်းသည် ပစ္စုပ္ပန်အကျိုးနှင့် ကြိုးစားမှုပေါ် အခြေခံခြင်းဖြစ်သည်။ မရနိုင်သောအရာကို တောင့်တ မချိတင်ကဲဖြစ်နေမည့်အစား ကိုယ်တိုင်ပိုင်ဆိုင်သော 'ဉာဏ်စွမ်း'ကို အသုံးချခြင်းဖြင့် ဘဝတစ်ခု၏ကောက်ကြောင်းကို ဆွဲနိုင်ရန်ဖြစ်သည်။ ဉာဏ်စွမ်းသူများသည် တာဝေးသမားများဖြစ်၍ စိတ်ရှည်ရန်နှင့် မမိုက်မသုန်သော ယုံကြည်ချက်ရှိရန်သာဖြစ်သည်။ အနာဂတ်ကာလသည် ဉာဏ်စွမ်းသူများအတွက်သာလည်း ဖြစ်သည်။

❖

mgyoe.com

mgyoe.com

# မသိတာပိုခက်တယ်

6th April 2004

လူကြီးတွေထားရစ်တဲ့စကားတစ်ခွန်းကို – ဘမောင်သိပ်ကြိုက်တာပဲ။ 'မရှိတာထက်၊ မသိတာပိုခက်'တယ်တဲ့။ 'သိမှု' ဆိုတာ စိတ်ပိုင်းဆိုင်ရာခံစားမှုလို့ ဘမောင်တော့ထင်တာပဲ၊ မှားချင်လည်းမှားမယ်ပေါ့၊ 'နားလည်မှု'ပေါ်မှာ အခြေခံတယ်။ တတ်မှုကတော့ အတတ်ပညာနဲ့ ပိုဆိုင်လိမ့်မယ်နဲ့တူတယ်။ ဒီနေ့ Knowledge လို့ပြောနေကြတဲ့ခေတ်မှာ ပညာဆိုတာ သိမှုရော၊ တတ်မှုရောပါနေတာ၊ တချို့ ငယ်စဉ်ကချို့တဲ့လို့ ကျောင်းပညာမသင်နိုင်ရှာဘူး၊ ဘဝအသိရှိတယ်၊ မိဘက ချို့တဲ့လို့ အနိုင်နိုင် ကျောင်းတက်ခဲ့ရသူတွေ ပညာကြိုးစားရှာတယ်၊ တချို့ မိဘကလည်း မချမ်းသာဘူး၊ သိရက်နဲ့ ကိုယ်ကလည်းမကြိုးစားဘူး၊ အသိနဲ့ပဲဆိုင်သွားတယ်လို့ ပြောရမှာပဲ။

ဘမောင်ဆီ တစ်လောက ရှေ့နေကြီးတစ်ယောက်လာတယ်၊ ရှေးရိုးစွဲကြီးဆိုတော့ ဒီခေတ် ရှေ့နေတွေလို ဝင်ငွေမဖြောင့်ဘူး၊ တော်တော်ရုန်းကန်နေရရှာတာ၊ အဲဒီရှေ့နေကြီး အလကားလာတာတော့မဟုတ်ပါဘူး၊ သူ့သားကို အလုပ်တစ်နေရာပေးဖို့၊ 'ငြင်း'ရခက်၊ 'အင်း'ရခက်ကြီး၊ အဲဒီချာတိတ်ကို ဘမောင်သိတယ်၊ ဆေးစွဲနေတယ်၊ ဆံပင်ကရှည်ရှည်၊ မျက်လုံးက ကျီးကန်းတောင်းမှောက်၊ နေရာတိုင်းမှာပြဿနာနဲ့ကလေး၊ ဘယ်လိုအလုပ်ပေးမလဲ၊ ဘယ်နေရာမှာပေးမလဲ၊ သူ့အဖေအကျီလည်ကတုံးက ပြဲရာ'လေးကိုတောင် မစာနာတတ်တဲ့သူ၊ တခြားလူကိုရော စာနာတတ်နိုင်ပါ့မလား၊ အလုပ်ခန့်ရတာ ပြဿနာမရှိဘူး၊ အလုပ် 'ဖြုတ်' တဲ့အခါမှာ ပြဿနာတွေကရှိတယ်။ မိဘဆိုတော့ သားသမီးကို ကောင်းစားစေချင်တာ၊ ပိန်တဲ့နွားကို အားလုံးအစားဖြည့်ကြည့်တာသဘာဝပဲ၊ ဘယ်လိုမှ 'ဝ' မလာနိုင်တဲ့နွားဖြစ်နေတာခက်တယ်၊ အစားထိုးကြည့်မရတဲ့ 'နွားပိန်' မျိုး။

mgyoe.com

mgyoe.com

ကောင်းတော့မကောင်းပေမယ့်၊ မိဘကပြည့်စုံလို့ ဘဝကိုနားမလည်ဘဲ သုံးဖြုန်းတေလေနေရင် နည်းနည်းတော်သေးတယ်၊ စားဖို့အနိုင်နိုင်ရှာနေရတဲ့မိဘကို ကိုယ်ချင်းမစာဘဲ တေလေဆိုးသွမ်းနေတဲ့ သားသမီးကတော့ 'ပြတိုက်'ထဲ ထည့်ထားဖို့ကောင်းတယ်။ ဘမောင်ရဲ့မိတ်ဆွေတစ်ဦးမှာ သမီးချည်းသုံးယောက်ရှိတယ်၊ သားမက်သုံးယောက်ရတယ်ပေါ့။ လူချမ်းသာစာရင်းမှာပါတဲ့သူပါ၊ သမီးအကြီးနှစ်ယောက်က မျက်လုံးနည်းနည်းမှုန်တယ်နဲ့တူတယ်၊ ခပ်ညံ့ညံ့ထက် ပို 'ချာ'တဲ့ လူငယ်နှစ်ယောက်နဲ့ မပြင်မစမ်း အိမ်ထောင်ကျပစ်ရာတယ်။ သားမက်တော်လာပြီဆိုတော့လည်း အဲဒီမိတ်ဆွေက လုပ်ငန်းတစ်ခုစီကို အုပ်ချုပ်ခိုင်းရှာတယ်။

တစ်ရက် ဘမောင်ဆီကိုလာလည်ကြတယ်၊ သားမက်ရောသမီးပါ ဘမောင်နဲ့ ငယ်သူငယ်ချင်းတွေဆိုတော့ မိသားစုအလိုက်ရင်းနှီးကြတာကိုး၊ မိတ်ဆက်ပေးလို့သာ လက်ဆွဲနှုတ်ဆက်လိုက်ရတယ်၊ ရင်ထဲတော့သိပ်မကောင်းဘူး၊ ဒါပေမယ့် မိတ်ဆွေကြီးကိုတော့ မပြောဖြစ်ပါဘူး၊ တစ်သက်လုံး ခံရဦးမယ့်ဒုက္ခပဲလို့သာ ရင်ထဲမသက်မသာ သက်ပြင်းချမိလိုက်တယ်၊ အသက်နဲ့အတွေ့အကြုံအရ သူတို့ မျက်လုံးတွေကို ဘမောင်နားလည်နေတယ်၊ အကြီးကောင်က ကုပ်ကမြင်း၊ အငယ်ကောင်က ဖြောင်ကမြင်းမယ့်ကောင်။

သိပ်မကြာပါဘူး၊ သတင်းတွေတန်းစီပြီး ကြားရတော့တာပါပဲ။ သားမက်အကြီးက သွားလေရာတိုင်း လူချစ်လူခင်နဲ့ဝေးပါစေလို့ ဆုတောင်းခဲ့တယ်နဲ့တူတယ်၊ ဘယ်နေရာမှာမှ အထက်ရော၊ အောက်နဲ့ပါမတဲ့ဘူးပြောတယ်၊ တစ်ခါ ဝန်ထမ်းတွေကပိုင်းရိုက်မလို့ကြံစည်ကြတယ်တဲ့၊ မိတ်ဆွေကြီးကသည်းညည်းခံရှာပါတယ်။ အဲဒီနေရာကထုတ်ပြီး မိုးကုတ်ကျောက်အရောင်းအဝယ် လုပ်ချင်တယ်ဆိုလို့ ငွေအရင်းအနှီး ထုတ်ပေးရှာပြန်တယ်၊ စားသောက်ဆိုင်မှာသီချင်းဆိုတဲ့ အဆိုတော်နဲ့ ငြိတယ်၊ အမြတ်ထက်အသုံးကပိုတော့ အရင်းကပြုတ်ပြန်ရော၊ နောက် ကားပွဲစားလုပ်ပါရစေဆိုလို့ ခွင့်ပြုလိုက်ပြန်တယ်၊ ပွဲစားတွေနဲ့ပေါင်းပြီး ခေါင်းအလျှော်ကောင်းလို့ အဲဒီကလေးမနဲ့ထပ်ငြိပြန်ရော၊ ဝယ်ရင်းရောင်းရင်း ကားတန်ဖိုးက နိမ့်သွားလိုက်တာ သုံးဘီးကားသာသာပဲကျန်တော့တယ်၊ အိမ်ထောင်ကျလို့ ထည့်ပေးလိုက်တဲ့ သူ့သမီး လက်ဝတ်လက်စားတွေလည်းကုန်။ ထပ်ပေးတယ်၊ ထပ်ကုန်တယ်၊ တစ်ဆင့်စာ နှစ်ခါသုံးခါမကဘူးနော်။

အရည်အချင်းက အဲဒီထက်ပိုသေးတယ်၊ ဘယ်လောက်များမသိတတ်လည်းဆိုရင် ဘမောင်ရဲ့မိတ်ဆွေပခုံးကြားက 'အရှုတ်'စုတ်သွားလို့ လက်မမြှောက်နိုင်တာ တစ်နှစ်ကြာတယ်၊ တစ်ခါမှ မေးဖော်မရလောက်အောင်ကို မသိတတ်တာ၊ ပြီးတော့

mgyoe.com

ယောက္ခမငွေနဲ့ သူ့အမျိုးတွေကြည့်နေရသေးတာတောင် အဲသလောက်အထိ မသိတတ်တာ။

* * *

'ထွန်းနောင်တော့တားမရတော့ဘူး . . . ကောင်မလေးနဲ့ယူတော့မယ်တဲ့'

သတင်းက တစ်မုဟုတ်ချင်းပြန့်သွားတယ်၊ ဘမောင်ရဲ့မိတ်ဆွေကြီးက မျက်နှာကြီးအသိုင်းအဝိုင်းကပဲ၊ သမီးဖောနဲ့မိတ်ဆွေကြီးက ဘမောင်ဆီ အကူအညီတောင်းတယ်၊ လက်နှာလို့ ကားမောင်းပေးပါတဲ့၊ ဒရိုင်ဘာလည်း မသိစေချင်လို့ မခေါ်ချင်၊ ဘမောင် ကားမောင်းပို့ရတယ်ပေါ့၊ ဒီအချိန်မှာ 'အဆိပ်' တက်နေတာဆိုတော့ ပြောလို့ရမှာမဟုတ်ဘူးဆိုတာ ဘမောင်သိတယ်၊ မတားပြန်လည်း မရဘူး၊ ဘမောင်လေ၊ မိတ်ဆွေကြီးကိုလည်း သနားမိတယ်၊ သူ့သမီးအိမ်ရောက်တော့ အဲဒီသားမက်က သူခိုးလူမိပဲ၊ ဘာတွေပြောလည်းတော့ ဘမောင်မသိဘူး၊ နားထောင်လို့လည်း မသင့်ဘူးလေ၊ သူတို့ ဧည့်ခန်းထဲပြောနေကြတော့ ဘမောင်က ထမင်းစားခန်းဘက် မသိမသာရှောင်ပေးလိုက်တယ်၊ မိဘများ သားသမီးအပေါ်ထားတဲ့ သံယောဇဉ်၊ ကျေးဇူးတရားမသိတတ်တဲ့ ရေပေါ်ဆီသားမက်တွေရဲ့ အောက်တန်းစားစရိုက်၊ ပြန်ထွက်လာကြတော့ 'ထွန်းနောင်' ရဲ့မျက်နှာကို ဘမောင်လှမ်းအကဲခတ်လိုက်တယ်။

'ဒီကောင် ဖွတ်လုပ်လိမ့်မယ်နဲ့တူတယ်၊ အသိရှိဟန်တော့မတွေ့ရဘူး'

မကြာပါဘူး၊ ထွန်းနောင်ကားမှောက်လို့တဲ့၊ သေသွားရင်ကောင်းမှာပဲ၊ ဘမောင်ရဲ့မိတ်ဆွေ ဝဋ်ကြွေးမကုန်တော့ ဒီကောင်မသေဘူး၊ ကားကချောက်ထဲကျပြီး တွန့်လိမ်သွားတယ်။ နောက်မိန်းမယူဖို့ဆင်းသွားတဲ့ကောင်၊ ဒဏ်ခတ်ခံရတာ။ သမီးမျက်နှာနဲ့ သားမက်နောက်မိန်းမယူဖို့ မှောက်ခဲ့တဲ့ကားကို ယောက္ခမက ပြင်ပေးရတယ်တဲ့၊ ကြားလို့တောင်မှ မကောင်းဘူး။

အသက်လည်းငယ်တော့တာမဟုတ်ဘူး၊ အဲဒီ 'ထွန်းနောင်'ဆိုတဲ့ ကုပ်ကမြင်းက အသက်လေးဆယ်ရှိနေပြီ၊ အခုဆိုကလေးက (၃) ယောက်၊ တစ်ပြားမှ မရှာခဲ့ဖူးသေးဘူး၊ မိန်းမဆီက လက်ဝတ်လက်စားရောင်းစားပြီး အကြောထနေတဲ့ကောင်၊ ကုပ်ကမြင်း 'ထွန်းနောင်'၊ အမျိုးသားပြတိုက်ထဲ အစောင့်အကြပ်နဲ့ကို ပြထားဖို့ကောင်းတယ်၊ အဖိုးတန်လွန်းလို့၊ နောက်ဆုံးပတ်ဝန်းကျင်က အလုပ်မလုပ်လို့ ပြောလွန်းမကပြောတော့ ကိုယ်ပိုင်တက္ကစီဆွဲမယ်ဆိုပြီးလုပ်ရော၊ ဘမောင်ရဲ့ မိတ်ဆွေကြီးလည်း သူ့အရှိန်အဝါနဲ့မလုပ်စေချင်ဘူး၊ ဒါပေမဲ့ အလုပ်တစ်ခုခုရှိရင်

mgyoe.com

mgyoe.com
ပြီးရောလေဆိုပြီး သူ့ဟိုတယ်က ဧည့်သည်ခရီးတိုတွေအတွက် ခွင့်ပြုလိုက်တယ်၊ နှစ်ရက်တစ်ပိုင်းမှာ မဖြစ်ချေဘူး၊ မလုပ်နဲ့တော့ဆိုပြီး ဟားယူရတယ်၊ ဘာပြုလို့လည်းသိလား၊ တည်းခိုတဲ့အထဲက ခပ်ရှုပ်ရှုပ်ကောင်မလေးတွေနဲ့ ရှုပ်လို့။

'သားမက်' ဆိုတာ 'သား'မဟုတ်ဘူးဆိုတဲ့ အသိလောက်တောင်မသိတဲ့အသိ။ နောက်တစ်ယောက်၊ အဲဒီတစ်ယောက်လည်းအဖိုးတန်လေးပဲ၊ ဘာလုပ်လုပ်ပေါ့ ရှုပ်ရှုပ်နဲ့၊ မျက်လုံးက ကျီးကန်းတောင်းမှောက်၊ ဟိုစပ်စပ်သည်စပ်စပ်နဲ့ သိသလိုနဲ့ မသိတဲ့ကောင်၊ လောကကြီးကိုပြောင်းပြန်တွေးပြီး ပြောင်းပြန်မြင်တဲ့ငနဲလေး၊ နှာခေါင်းနီတာကျတော့ တည့်တည့်နီတတ်တယ်၊ ခြေဆော့လက်ဆော့တာကတော့ မြန်သလားမမေးနဲ့၊ မိတ်ဆွေကြီးသမီး ပါသွားတဲ့အထိ၊ မိန်းမရလို့ ငြိမ်သွားမလား မထင်နဲ့၊ သွားလေရာခြေဆော့လက်ဆော့နဲ့၊ အလုပ်မည်မည်ရရမလုပ်လို့ အများက ဝိုင်းပြောကြတော့ အဲဒီချာတိတ်က ဘာလုပ်မယ်ပြောသလဲ၊ Day Party လုပ်မယ်တဲ့၊ Night Club လုပ်ချင်တယ်တဲ့၊ Microsoft သူဌေးကြီး Bill Gate ဆိုပို့ရင်တောင် မွဲသွားလောက်တဲ့ အကြံဉာဏ်တွေ၊ ဘဝကိုတောင် လေးလေးနက်နက် မတွေးတတ်တော့၊ အလုပ်ကိုလည်း ဘယ်တော့မှ ကြိုကြိုတင်တင်မတွေးတတ်ဘူး၊ ဒီကောင်က အသက်သုံးဆယ်ကျော်ပြီ၊ ကလေးကဆယ်နှစ်ကျော်၊ ကိုယ့်လုပ်အားနဲ့ ကိုယ် တစ်ပြားမှမရှာသေးတဲ့အထဲမှာ သူလည်းပါတယ်။

သူ့နာမည်က 'အောင်ခိုင်'၊ မဟုတ်တာအကုန်သိပြီး ဟုတ်တာဆိုဘာမှမသိတဲ့ ချာတိတ်၊ ဒါပေမဲ့ အကြောင်းမသိတဲ့သူဆို သူ့ 'အာ' မိသွားရင် 'ငုတ်တုတ်မေ့သွား' လောက်တယ်၊ အဲသလို 'အာ' တော့ကောင်းတယ်၊ ဒီကောင်လည်း 'နှာနီ' မျိုးပဲ၊ ဒါပေမဲ့ အကြီးကောင်လိုမဟုတ်ဘူး၊ သူကနည်းနည်းပါးတယ်၊ အဖုံးနဲ့အဖိနဲ့၊ ယောက္ခမအားကိုးနေရတယ်ဆိုတာသိတော့ ဘယ်တော့မှယောက္ခမကို မဆန့်ကျင်ဘူး၊ ဘာပြောပြောမျက်နှာသေလေးနဲ့၊ ပြီးမှ လုပ်ချင်တာလုပ်တာ၊ သူ 'နှာနီ' သမျှကို မရ–ရအောင်ဖုံးတယ်၊ သတင်းဆိုတာတော့ ဟုတ်ရင်ပေါ်တာပဲ၊ ဒါပေမဲ့ အဖုံးကောင်းတော့ 'ခပ်ပါးပါး' ပဲ အသိခံတယ်။

* * *

ကမ်းခြေမှာရှိတဲ့ဟိုတယ်တစ်လုံးကို မိတ်ဆွေကြီးက 'အောင်ခိုင်' ကိုပေးထားတယ်၊ မကြာမကြာ အိမ်လာလည်ရင် 'ညည်း' ပြပြီ၊ ဘမောင်လည်း သူငယ်ချင်းဆိုတော့ နားထောင်ပေးရတယ်၊ မျှဝေခံစားပေးရတယ်၊ ကာယကံရှင်တော့ မသိဘူး၊ ကြားရတဲ့သူက အဲဒီညအိပ်မပျော်တတ်ဘူး၊ ဘမောင်ကတော့ သူ့လိုမချမ်းသာဘူး၊
mgyoe.com

mgyoe.com

ရရစားစားပဲ၊ ချမ်းသာတဲ့သူတွေမှာလည်း သူ့ပြဿနာနဲ့သူပါလားလို့ သက်ပြင်းချမိတယ်၊ သိန်းတစ်ရာဝင်ရင် ကိုးဆယ်ကျော်ပြန်သုံးတယ်တဲ့၊ သိန်းနှစ်ရာဝင်ရင် အဲဒီအချိုးအတိုင်းပဲတဲ့၊ လုပ်ငန်းတွေမှာ Breakeven ဆိုတာရှိတယ်၊ Operational Cost ဆိုတဲ့ လုပ်ငန်းလည်ပတ်ကုန်ကျငွေရှိတယ်၊ ဝင်ငွေနည်းရင် အမြတ်နည်းပေမယ့် ဝင်ငွေများရင် Operational Cost က အဲဒီအချိုးနဲ့မသွားတော့ဘူး၊ ဥပမာ– ဝင်ငွေသိန်းတစ်ရာအတွက် Operational Cost က သိန်းငါးဆယ်ဆိုရင် ဝင်ငွေသိန်းနှစ်ရာဖြစ်ရင် Operational Cost က သိန်းတစ်ရာ တက်မလာဘူး၊ သိန်းခြောက်ဆယ်၊ ခုနစ်ဆယ်လောက်ပဲ၊ လမ်းအေးဆိုက်ကားသမားတောင်သိတဲ့ခေတ်မှာ ဒီကောင်ကချလို့ကောင်းတုန်း ရှိသေးတယ်၊ ကြားညပ်တာက မိတ်ဆွေကြီးရဲ့သမီး၊ မိန်းမကရိုးတော့ ဒီကောင်က တစ်မျိုးပြော။

လူကြီးကမသင့်လို့ မလုပ်နဲ့ဆိုတာ ရအောင်လုပ်တယ်၊ ပစ္စည်းဝယ်ပြီးရင် ဘာမှမထိန်းသိမ်းဘူး၊ ဟိုတယ်ဆိုတာ ထိန်းသိမ်းစရိတ်သိပ်ကြီးတာ၊ ပစ္စည်းတွေ မထိန်းတော့ပျက်တာပေါ့၊ ပလိုင်းပေါက်နဲ့ဖားကောက်သလိုပဲ၊ အလုပ်မပေးပြန်ရင်လည်း သားမက်အရင်းခေါက်ခေါက်တောင် ပစ်ထားတယ်ပြောဦးမယ်၊ ပေးပြန်တော့လုပ်ချင်တာလုပ်တယ်၊ ဘာအတွက် သုံးမယ်ဆိုတာကြိုမပြောဘူး၊ သုံးပြီးမှ စာရင်းပို့တယ်၊ တခြားမှာဆို အလွဲသုံးစားမှုနဲ့ ထောင်ကျပြီ။

နောက်ဆုံး သားမက်လေးကတော့မဆိုးဘူး၊ မိဘတွေကလည်း အရာရှိကြီးတွေဆိုတော့ သူကလည်းစနစ်တကျရှိတယ်၊ လူကြီးကိုလည်းသိတတ်တယ်၊ အကြီးနှစ်ကောင်က သည်ကလေးကို မျက်စောင်းထိုးကြတာပေါ့၊ မိတ်ဆွေကြီးက အကြီးနှစ်ယောက်ကိုကြောက်ပြီး သူ့ကျတော့ လုပ်ငန်းသေးသေးပဲ စပြီးပေးထားတယ်၊ လူမှုရေးသိရုံတင်မကဘူး၊ ဘဝရဲ့ အတက်အကျတွေကိုလည်း နားလည်တယ်၊ အသုံးအစွဲလည်း 'စေ့'တယ်၊ အပြောအဆို ယဉ်ကျေးတယ်၊ လာတဲ့ Background ချင်းက တခြားဆီပဲ၊ လူမှုရေးအဆင့်အတန်းကွာသလို စိတ်ဓာတ်အဆင့်အတန်းကလည်း ဘာမှမဆိုင်ဘူး၊ ရုပ်ရည်ရောကြည့်ဦးမလား၊ Tom Cruise အငယ်စားလေး၊ ဘယ်သွားသွားဝိုင်းဝိုင်းလည်မယ့်ရုပ်မျိုး၊ ဒါပေမဲ့ သိက္ခာရှိရှိလေးနေတတ်၊ ထိုင်တတ်တယ်။ သူ့မိန်းမကိုရော ချစ်ရှာတယ်။

တစ်ခါက ဘမောင်မိတ်ဆွေကြီး ခါးကြောညပ်လို့ အိပ်ယာထဲ ဆယ်ရက်လောက် လဲနေတယ်၊ အဲဒီချာတိတ်က သမီးထက်တောင်ပြုစုဖော်ရသေးတယ်၊ သားမက်အကြီးနှစ်ကောင်က ငါးမိနစ်လောက်တစ်ခါလာကြည့်ပြီး အိမ်ရှေ့မှာ 'ဟီး၊ ဟီး၊ ဟား၊ ဟား' လုပ်နေလေရဲ့။ နောက်မလာတော့ဘူး၊ သိတတ်မှုကိုပြတာ၊

mgyoe.com

mgyoe.com

'ညီညီ'လို့ခေါ်တဲ့ အဲဒီသားမက်အငယ်ဆုံးက အသက်အစိတ်ပဲရှိသေးတယ်၊ ဘမောင်ရဲ့ မိတ်ဆွေကြီးပေးထားတဲ့ စက်ရုံသေးသေးလေးကို တိုးပွားအောင်လုပ်နိုင်တဲ့အပြင် သူ့ကိုယ်ပိုင်လုပ်ငန်း စားသောက်ဆိုင်လေးလည်း လုပ်လိုက်သေးတယ်၊ ဟိုနှစ်ကောင် အရည်မရ၊ အဖတ်မရ အလေလိုက်နေတဲ့အချိန်တွေမှာ 'ညီညီ'က သုတ၊ အတတ်ပညာဆိုင်ရာတစ်ခုခုကို အမြဲဖတ်မှတ်နေတတ်တယ်၊ စကားဆုံလို့ ပြောရင်တောင် အဆင့်ကကွာပြီပေါ့၊ Seminar တို့ Workshop တို့ဆို မှန်မှန်သွားတယ်၊ ဟိုနှစ်ကောင်က Stage Show ဆို မလွတ်တမ်း၊ အဲသလိုကွာတယ်။ လကုန်ရင် သမီးမျက်နှာ၊ မြေးမျက်နှာနဲ့ မိတ်ဆွေကြီးက ထောက်ပံ့နေရတယ်၊ လိုရင်ထပ်ပေး၊ 'ညီညီ'က ထောက်ပံ့ငွေကို တစ်ခုခုဝယ်ပြီး ပြန်ကန်တော့တတ်တယ်။ နောက်ဆုံးမှ အိမ်ထောင်ကျပေမယ့်၊ အသက်အငယ်ဆုံးဆိုပေမယ့် လူကြီးလေးလိုပဲ၊ သူ့ခြေထောက်ပေါ်သူရပ်နိုင်ပြီ၊ တနင်္ဂနွေဆို မိတ်ဆွေကြီးဆီ လာလည်တတ်ပြီး 'အောင်သုခ' က ဟင်းအမြဲဝယ်လာတတ်တယ်၊ အကြီးနှစ်ကောင်က အိမ်က ပြန်သယ်သွားတာနဲ့ ဘာမှမဆိုင်ဘူး။

* * *

'သိတတ်မှု' ဆိုတာ အသက်နဲ့ဆိုင်တယ်တဲ့၊ မငြင်းပါဘူး၊ ဒါပေမဲ့ ဒီလောက်တိုးတက်နေတဲ့ 'အသိခေတ်'ကြီးထဲမှာ အသက်အပိုင်းအခြားတစ်ခုတည်းပေါ်မှာတော့ မတည်မှီတော့ဘူးထင်တယ်၊ စိတ်ပိုင်းဆိုင်ရာအရည်အချင်းတွေဖြစ်လို့၊ သိတတ်တဲ့သူကသိပြီး၊ အချိန်မစီးတဲ့သူက အချိန်စီးမှာမဟုတ်ဘူး၊ 'ထွန်းနောင်' လို အသက်လေးဆယ်က မသိတတ်ပေမယ့် 'ညီညီ'လို အသက်အစိတ်က သိတတ်တာ သူတို့ရဲ့ စိတ်ပိုင်းဆိုင်ရာအရည်အချင်း ကွာခြားမှုတွေပဲ၊ မိန်းမယူတတ်ပြီး၊ ကလေးမွေးတတ်ပြီး အိမ်ထောင်တာဝန်မယူတတ်တာလည်း နိမ့်ပါးတဲ့ စိတ်အရည်အချင်းတစ်ခုပဲ။

* * *

ဘမောင် သတိထားမိတာတစ်ခုရှိတယ်၊ ပညာမတတ်တဲ့မိဘက သားသမီးဆယ်ယောက်ကိုကျွေးနိုင်တယ်တဲ့၊ ပညာတတ်တဲ့သားသမီးဆယ်ယောက်က မိဘကိုပြန်မကျွေးနိုင်ဘူးတဲ့၊ ဘာကြောင့်လဲ၊ စဉ်းစားဖို့ကောင်းတဲ့ အချက်တစ်ခုလို့ထင်တယ်၊ နောက်ဆုံးတော့ ပညာနဲ့မဆိုင်ဘဲ အသိနဲ့ပဲဆိုင်တာတွေ့ရတယ်၊ မိဘက သားသမီးအပေါ်ထားတဲ့ မေတ္တာ၊ ကျွေးရမယ်ဆိုတဲ့အသိက နက်နဲလို့၊ ပညာနဲ့

mgyoe.com

mgyoe.com

အသိကို ပြတ်ပြတ်သားသားခွဲခြားပေးလိုက်တဲ့ ဥပမာကောင်းတစ်ခု ဖြစ်မယ် ထင်တယ်၊ မိဘက သားသမီးလောက် ပညာကြီးချင်မှကြီးမယ်၊ အသိနက်လို့ ကျေးနိုင်တာ၊ သားသမီးကျတော့ ချမ်းသာပေမယ့်လည်း တုံ့ပြန်မှုကိုမိဘတွေက ရချင်မှ ရတာ။

'မသိတာပိုခက်' တဲ့သူတွေ လောကမှာအများကြီးပါ။ စိန်နားကပ်ရောင်နဲ့ ပါးပြောင်နေတဲ့သူတွေ၊ ရေမြင့်လို့ ကြာတင့်နေတဲ့သူတွေ၊ ကိုယ့်အကြောင်းကိုယ် သိကြဟန်မတူဘူး၊ အဖေဆီကလွှဲယူလိုက်တဲ့ မာစီဒီးကိုစီးပြီး မော်ကြွားမောက်မာနေတာဟာ၊ ကန်စွန်းရွက်ခဲပြီး ကြိုးစားလို့ ဆိုက်ကားတစ်စီးပိုင်တဲ့သူရဲ့ အရည်အချင်းထက်သာတယ်လို့ ထင်ကြတဲ့သူတွေလည်း ရှိနေပါတယ်၊ ဥစ္စာပစ္စည်း 'ဖြစ်ခြင်း' 'မဖြစ်ခြင်း' က အတိတ်၊ ပစ္စုပ္ပန် 'ကံ' တရားတွေနဲ့ဆိုင်ပြီး အလုပ်လုပ်ဖို့ 'သိခြင်း' 'မသိခြင်း' က စိတ်ပိုင်းဆိုင်ရာ အရည်အသွေးတွေနဲ့ ဆိုင်ပါတယ်၊ 'ဥစ္စာ' ဆိုတာ ဖြစ်ချင်ရင်လည်းခဏပါ၊ ပျက်ချင်ရင်လည်းခဏပါ။ လောကအကြောင်းသိဖို့၊ အလုပ်လုပ်ဖို့ကသာ အဓိကပါ။ သားသမီးဆယ်ယောက်ကို ကျေးနိုင်တယ် ဆိုတဲ့ ချစ်စရာကောင်းတဲ့ မြန်မာတို့ရဲ့ ယုံကြည်ချက် အစဉ်အလာကို ဆန့်ကျင်ပြီး သားမှန်း၊ သမီးမှန်းမသိတဲ့ တစ်ကိုယ်ကောင်းဆန်ဆန် 'ထွန်းနောင်' လို ၊ 'အောင်ခိုင်' လို မိဘမျိုးတွေရဲ့ စိတ်ဓာတ်အဆင့်အတန်းဟာ 'သိမှု' တစ်ခုရဲ့အောက်ဆုံး အဆင့် လောက်တောင်မရှိပေမယ့်၊ သားသမီးမမွေးသေးတဲ့ 'ညီညီ'တို့လို 'သိမှု' အဆင့်မြင့်တဲ့သူတွေ ရှိကြပါတယ်။ 'ကံ'ဟာ 'စေတနာ'ကို အရင်းခံတဲ့လုပ်ရပ်က ဖြစ်ပေါ်လာတဲ့အကျိုးတရားတစ်ခုဆိုတာသိကြရင် 'မသိတာပိုခက်'သူတွေ လျော့သွားမယ်ထင်ရပါတယ်။

တချို့က သွန်သင်ပြသမှုမခံရလို့ မသိတာ ရှိပါတယ်၊ သွန်သင်ပြသမှုခံရပြီး၊ ဘဝကိုလည်း ရုန်းကန်နေရပြီးမှ မသိတဲ့သူတွေကတော့ 'စံတင်'ဖို့ကို ကောင်းပါတယ်။ သူတို့ရဲ့အနာဂတ်ဟာ သူတို့ရဲ့ 'သိမှု'ပေါ်မှာ မူတည်နေပါတယ်။

မရှိတာက အသိကိုအခြေခံနိုင်ရင် ရှာလို့ရပါတယ်၊ အဲဒီအခြေခံစံဖြစ်တဲ့ 'အသိ' မရှိရင်သာ ဘာမှလုပ်ရမှာ မဟုတ်ပါဘူး၊ အမှိုက်တစ်စ မကောက်နိုင်တာဟာ 'အသိ' အခြေခံမရှိလို့ဆိုရင် ဘဝတိုးတက်ဖို့၊ အိမ်ထောင်တစ်ခုလုံခြုံဖို့၊ သားသမီးတွေရဲ့ ရှေ့ရေး အရိပ်ခင်းပေးဖို့ဆိုတာတွေ မဖြစ်နိုင်တော့ပါဘူး၊ ရှိတာ–မရှိတာဟာ 'ကံ' အလှည့်အပြောင်းမှာ အပြောင်းအလဲတစ်ခု ဖြစ်သွားနိုင်ပေမယ့် 'သိခြင်း' 'မသိခြင်း'က ကိုယ်ပိုင်တဲ့ဥစ္စာဖြစ်တာကြောင့် 'မသိ'ကြတဲ့သူတွေရဲ့ ဘဝဟာ ပိုပြီးခက်ခဲကြမ်းတမ်းမှာဖြစ်ပါတယ်၊ 'မသိ'သူတွေဟာ သူများအတွက်ပိုခက်ခဲစေသလို ကိုယ့်

mgyoe.com

mgyoe.com

ဘဝအတွက်လည်း ကိုယ်တိုင်ခက်ခဲကြမယ့်သူတွေသာ ဖြစ်ပါတယ်။

❖

mgyoe.com

mgyoe.com



# ဆန္ဒလွန်

27th July 2004

အောင်မြင်ရခြင်း၏အကြောင်းရင်းများအနက် 'ဆန္ဒ'သည် အခြေခံကျသော အကြောင်းတစ်ခုဖြစ်သည် မှန်သော်လည်း မှန်ကန်မျှတသော 'ဆန္ဒ'ဖြစ်ရန် ကောင်းသည်။ ဆန္ဒလွန်လျှင် 'လောဘ'သို့ ကူးပြောင်းတတ်သည်ကို အသိရှိလျှင် မျှတသော ဆန္ဒရှိကြမည်မှာ သေချာသည်။ ဓာတ်ကြီးလေးပါး ဖောက်ပြန်သည်ဟုဆိုခြင်းမှာ တစ်ပါးပါးသော ဓာတ်သည်လွန်ကြူးခြင်း၊ လျော့နည်း၊ ၎င်း အလွန်အကြူးဖြစ်ခြင်းကို ဆိုလိုသည်။ အတိုင်းအတာတစ်ခုထက် ကျော်လွန်၊ လျော့နည်းလျှင် ခန္ဓာပျက်တတ်ခြင်းသည် မျှတစွာနေထိုင်နိုင်ရန် ပေးသောအသိတစ်ခုဟု မှတ်ယူနိုင်မည်ဖြစ်သည်။

စိတ်သည် အသိနှင့်ယှဉ်သောအရာဖြစ်၍ ဓာတ်ကြီးလေးပါးဖောက်ပြန်သဖြင့် ချက်ချင်းခန္ဓာပျက်သကဲ့သို့ မဖြစ်သော်လည်း၊ စိတ်လွန်ကဲမှုကြောင့် ဒုက္ခရောက်နိုင်သည်ကို သတိရှိသင့်ကြသည်။ ဘုရား၏ယောက်ဖတော်သူ ဒေဝဒတ်သည် စင်ပြိုင်တန်ခိုးကြီးလိုခြင်းသော ဆန္ဒလွန်ကဲမှုကြောင့် မြေမျိုခဲ့ရပါသည်။ မြေမျို၍ တစ်ဘဝပျက်မသွားသေးဘဲ နှစ်ပေါင်းထောင်ချီသည့်တိုင် ဒေဝဒတ်၏ဘဝမှာ သေပြီးရင်းသေကောင်းတုန်းသည် ဆန္ဒလွန်ခြင်း၏ရလဒ် မည်မျှထိ သက်ရောက်ကြောင်းသာဓကကောင်းတစ်ခု ဖြစ်သည်။ ဒုတိယကမ္ဘာစစ်၏ဖန်တီးရှင် အဒေါ့(ဖ်) ဟစ်တလာသည် နာကျည်းမှုမှအစပျိုးသော နေမဝင်အင်ပါယာ တည်ထောင်လိုသည့် ဆန္ဒလွန်ကဲခြင်းဖြင့် သမိုင်းစာမျက်နှာတွင် မလိုချင်သောနေရာကို ရခဲ့ရသည်။

**မာသာစတီးဝပ်**

တပ်မက်လွန်၊ မြတ်နိုးလွန်၊ ကြောက်ရွံ့လွန်ခြင်းများသည်လည်း ဆန္ဒလွန်ခြင်း

mgyoe.com

mgyoe.com

တစ်မျိုးဖြစ်သည်။ ယနေ့ အမေရိကန်တွင် Martha Stewart ဆိုသော အသက် (၆၅) နှစ်အမျိုးသမီးကြီး၏အမှုသည် လူတိုင်းပါးစပ်ဖျားမှာ ရှိနေသည်။ သူမ၏ ဆန္ဒလွန်ခြင်းအကျိုးဆက်မှာ ထောင်နန်းစံရခြင်းဖြစ်သည်။ တစ်ချိန်က ကိုယ့်အား ကိုယ်ကိုး၍ ချမ်းသာလာသော သူဌေးမကြီး 'မာသာ'သည် အမေရိကန်အမျိုးသမီး ထု၏ အတုယူဖွယ်စံပြဖြစ်ခဲ့ဖူးသည်။ စံပြမယ်ဘဝကကျော်ကြားခဲ့သလို အလှကုန် ပစ္စည်း ထုတ်သည့်ဘဝမှာလည်း ထင်ရှားခဲ့သူဖြစ်သည်။ တီဗွီဖန်သားပြင်ပေါ်မှ Martha ၏ အမေးအဖြေခန်းသည် အမေရိကန်လူငယ်၊ လူကြီးထုကြီးတစ်ခုလုံးကို ဆွဲဆောင်နိုင်ခဲ့ပြီး Hollywood မှ နာမည်ကြီး မင်းသား၊ မင်းသမီးများထက်ပင် အားပေးခြင်းခံခဲ့ရသည်။ သဘာဝ၏ အတက်အကျလောကဓံကိုမူကား ဆန္ဒလွန်သူ များခံနိုင်ရည် မရှိခဲ့ကြ။ အမေရိကန်စီးပွားရေး ဆုတ်ယုတ်မှုလှိုင်း အောက်တွင် မာသာ စတီးဝပ်တစ်ယောက်လည်း အလူးအလိမ့်ခံလိုက်ရသည်။

" I'm not afraid of Jail, I could do it " ဟုဆိုသော်လည်း အသနားခံ စာတင်နေခြင်းသည် တုန်လှုပ်မှု၏တစ်စိတ်တစ်ပိုင်းဖြစ်နေပါ၏။ " I was not born rich " ဟုဆိုသော်လည်း၊ ချမ်းသာပြီးမှပြန်လည်ကျဆုံးမည့်ဒဏ်ကို တကယ် မခံနိုင် ခဲ့၍ Share များကို လိမ်ညာသတင်းလွှင့်ရောင်းချခဲ့ခြင်း ဖြစ်သည်။ ချမ်းသာမှု၊ ကျော်ကြားမှု၊ ဩဇာသက်ရောက်မှုတို့ကို ဆန္ဒလွန်စွာဖက်တွယ်ခဲ့၍ ထိုသောအမှား မျိုးကို လုပ်ဖြစ်နိုင်ခဲ့ခြင်းဖြစ်သည်။ Share များ လိမ်ညာရောင်းချခဲ့မှုဖြင့် ကမ္ဘာ့ အထင်ကရ ကုမ္ပဏီကြီးလေးခုတို့ ရှေ့ဆင့်နောက်ဆင့် မနှစ်က ပျက်ခဲ့ဖူးပြီး ထို ကုမ္ပဏီများ အမှုရင်ဆိုင်နေရဆဲဖြစ်သော်လည်း Martha Stewart ထိုလမ်းကိုပင် မရှောင်နိုင်မတိမ်းနိုင်လျှောက်ခဲ့ရခြင်းမှာ 'ဆန္ဒလွန်' မှုကြောင့်သာ ဖြစ်သည်။

လွန်ကဲသောဆန္ဒသည် အသိကိုချေဖျက်တတ်သော သဘာဝရှိသည်။ ပူမှန်း သိသော်လည်း၊ မီးတိုးသောဖလံမျိုးကဲ့သို့ ဖြစ်ပါသည်။ အဆုံး၌ မကောင်းသော ရလဒ်ကြုံမည်ကိုသိသော်လည်း 'ဖြစ်ချင်ရာဖြစ်'ဟု ရှိတတ်ချေသည်။ 'အသိ'က ပညာအခြေခံ၍ ရေရှည်ကြည့်တတ်သော်လည်း 'ဆန္ဒလွန်'သူများ ရေရှည်ကြည့် နိုင်စွမ်းမရှိကြ။ ဆန္ဒလွန်ခြင်းသည် လောဘ၏ ဖွားဖက်တော်ဖြစ်၍ ပညာနည်းသူ များ သတိကြီးစွာထားသင့်ပါသည်။ လူမှန်လျှင် အမှားမကင်းသော်လည်း အမှား အရေအတွက် မည်မျှကျူးလွန်ခဲ့သူနှင့် မည်မျှအမှားကြီးမျိုး ကျူးလွန်သူများအဖြစ် ကွာခြားသေးကြောင်း သတိပြုသင့်ကြသည်။

mgyoe.com

mgyo

ညံ့တဲ့ကျွန်တော်

အမှားများစွာ ကျူးလွန်တတ်လေ့ရှိသူတစ်ဦးကို ဘဝကံပေးအရ အမျိုးအဆွေတော်စပ်ခဲ့ရပါသည်။ ယခင်ကလည်း လုပ်ငန်းတာဝန်ပေးဖူးပြီး၊ လုပ်ငန်းတိုင်း၌ ချောမွေ့စွာ ဖြစ်မလာခဲ့ဘူးပါ။ 'ငွေ'ပေါ်ဆန္ဒလွန်ခြင်းနှင့် 'အပျော်အပါး' ပေါ် ဆန္ဒလွန်တတ်မှန်းသိသော်လည်း၊ အသက်အရွယ်ရလာ၍ ပြုပြင်လောက်ကောင်းမှာပဲဟု အကောင်းဖက်မှ တွေးကာ လုပ်ငန်းတစ်ခုကိုအုပ်ချုပ်ရန် လွှဲအပ်ခဲ့သည်။ 'ဟုံ' မှာစိုး၍ လုပ်ငန်းဆိုင်ရာအုပ်ချုပ်မှုကိစ္စရပ်များကိုပင် များများမပြောဘဲ 'တစ် ချိန်မင်းတို့ရမယ့် လုပ်ငန်း၊ အရည်အချင်းစစ်တာ' ဟု အဓိကထားပြောပြီး လုပ်ငန်း လွှဲအပ်ခဲ့ပါသည်။

'နောက်ဆုံးအရည်အချင်းစစ်တာ' ဟူသောစကားကြောင့် အစပိုင်း ဟုတ်မလိုလိုနှင့် နောက်ပိုင်း 'အမြီးကောက်၊ ကျည်တောက်စွပ်' ပြန်ဖြစ်ပါသည်။ ဆန္ဒလွန်သူဖြစ်သဖြင့် တစ်နေရာ၊ တစ်ကွက်တစ်လေ၌သာ အမှားပါသည်မဟုတ်၊ နေရာတိုင်း၊ အလုပ်တိုင်းမှာပင် အမှားများစွာကို တွေ့ရသည်ချည်းဖြစ်သည်။ အလုပ်၏ သဘောသဘာဝကို နားလည်အောင် မကြိုးစား၊ ရင်ထဲပေါ်လာသောဆန္ဒကိုသာ အကောင်အထည်ဖော်တတ်သည်။ ငွေစာရင်းသဘောကို နားမလည်၊ သုံးချင်ရာ သုံးပြီးမှ စာရင်းမှတ်တတ်သည်။ လူမှုရေး၏ တုံ့ပြန်အကျိုးများကိုမကြည့်တတ်၊ လုပ်ချင်ရာလုပ်တတ်သည်။ 'သူ'၏ သဘာဝကိုကြည့်လျှင် 'သွက်လက်ချက်ချာ' တတ်ခြင်းသည် မြင်သာထင်သာရှိ၍ အမြင်တို၊ အသိနည်းသူတို့က 'တော်သားပဲဟယ်' ဆိုသည်ကို 'တကယ်တော်သည်ထင်' မှတ်သူဖြစ်သည်။

'သွက်လက်ခြင်း'သည် 'ထက်မြက်ခြင်း' 'တော်ခြင်း' နှင့် ဘာမှမဆိုင်၊ 'တော်' သူတိုင်းမှာ နက်နဲသောအသိရှိကြသည်။ ဆင်ခြင်တုံတရား ရှိကြသည်။ သဘာဝကို နားလည်အောင် ကြိုးစားကြလေ့ရှိသည်။ လုပ်သောအလုပ်ကို ကျွမ်းကျင်အောင် ဖြည့်ဆည်းကြလေ့ရှိကြသည်။ Human Resourse ဟူသော လူသားအရင်းအမြစ် အကြောင်းပြောလျှင် လူဦးရေကို တကယ်မသိသူတို့ ဦးစားပေးပြောလေ့ရှိကြသည်။ တကယ်ဆိုလျှင် Intelectual Resourse ဖြစ်၍ တကယ်လုပ်နိုင်သူတို့ အံရေအတွက် အားဖြင့်များရန်ဖြစ်သည်။ မလုပ်နိုင်သူ၊ လူညံ့များအရေအတွက်များနေလျှင် နိုင်ငံ တိုးတက်နိုင်မည်မဟုတ်ပါ။

ကိုယ့်ကို ချီးကျူးသောသူများအဆင့်ကို ဦးစွာသတိထားသင့်သည်။ 'လူမိုက် တစ်ထောင်' ချီးကျူးသည်ထက် 'ပညာရှိတစ်ယောက်' ကပိုအရေးကြီးပါသည်။ ဘာမှမတတ်သူတို့ကို ဆရာလုပ်နိုင်သည်ထက် 'တတ်'သူများကို ဦးဆောင်နိုင်သင့်သည်။ အုပ်ချုပ်မှုကိစ္စကို ဆောင်ရွက်သူတို့သည် 'မှု' ပိုင်းဆိုင်ရာနှင့် 'သာမန်'ကို

mgyoe.com

mgyoe.com
အခြေခံအားဖြင့် ခွဲခြားနိုင်သင့်သည်။ 'သာမန်'ကို အချိန်အခါ၊ အခြေအနေအလိုက် ပြုပြင်ပြောင်းလဲ၍ရသော်လည်း 'မူ'သည် ထိပါး၍ကောင်းသော အရာမဟုတ်။ လုပ်ရပ်က 'မူ'ကို အကောင်အထည်ဖော်နေသည်လား၊ ဖျက်ဆီးနေသည်လားဟု မသုံးသပ်တတ်လျှင် အုပ်ချုပ်မှုဆိုင်ရာမလုပ်သင့်။

ကြိုးစား၍ ထိန်းထားရသော ဝန်ထမ်းများစွာတို့ ထိုသူကြောင့် အကျင့်ပျက်ခဲ့ရသည်။ 'မူ'ပိုင်းဆိုင်ရာတို့ 'ရွဲ့စောင်း'ခဲ့ရသည်။ လုပ်ငန်းဦးဆောင်သူတို့မှာ Logic ဟူသော ပေတံတစ်ချောင်းကို အမြဲကိုင်ထားတတ်ကြောင်း သတိပြုသင့်သည်။ အုပ်ချုပ်မှုအလုမ်းဝေးလျှင် ထိုပေတံဖြင့်သာတိုင်းတာလေ့ရှိကြသည်။ ငွေကြေးသုံးစွဲမှုဆိုင်ရာတွင် လက်ခံနိုင်မှုဝေးစွ၊ ခွင့်လွှတ်နိုင်ခြင်း မရှိအောင်ပင် ဆန္ဒလွန်သူဖြစ်သည်။ ငွေကြေးဆိုင်ရာတွင် ကြိုတင်ခွင့်ပြုချက် တောင်းခံရန် အကြိမ်ကြိမ်ပြောသော်လည်း စိတ်ကြိုက်ဆုံးဖြတ်ပြီးမှသာ တင်ပြခဲ့သည်။ လုပ်ဆောင်ချက်အားလုံးသည် 'စစ်ဆေးမှု'အတွက်ရော၊ 'Logic' ပေတံဖြင့်တိုင်းတာသည့်အတွက်ရော တစ်လက်မမျှမဝင်ခဲ့။ အမျိုးအဆွေတော်စပ်၍ ဆန္ဒလွန်မှုကို သတိပေးကာ၊ အကြိမ်ကြိမ် တားဆီးခဲ့သော်လည်း ထိုတစ်ခဏတာ ရလဒ်တို့အပေါ် ယစ်မူး၊ ဖက်တွယ်၊ လောဘလွန်မှုတို့ကြောင့်မပြုပြင်ခဲ့။ နောက်ဆုံးလုပ်ငန်းမှ တာဝန်ရုပ်စဲခဲ့ရဖူးပါသည်။ တာဝန်မှမရုပ်စဲမီ (၂) လကြိုတင်၍ ပြုပြင်မှုကို အပြင်းထန်ဆုံးသတိပေးခဲ့သော်လည်း 'အနာဂတ်'ဖြင့် အလဲအလှယ်လုပ်ရဲသည်အထိ ဆန္ဒလွန်သူဖြစ်ပါသည်။ တကယ်ဆို 'သူ'ညံ့သည်မဟုတ်ပါ။ မိမိကသာ 'ညံ့'သူဖြစ်ပါသည်။ လူမှုရေးများသော၊ ဦးစားပေးတတ်သော မြန်မာလူမျိုးဖြစ်၍ ညံ့ခြင်း ဖြစ်နိုင်ပါသည်။

**ရောင့်ရဲသတဲ့**

ဆန္ဒကိုဦးစားပေးလွန်းခြင်းသည် ဆန္ဒလွန်ခြင်းဖြစ်ပါသည်။ ဦးဆောင်သူကို 'ကိုယ်ချင်းမစာနိုင်ခြင်းသည် မိမိ'ဆန္ဒ'ကို ရှေ့တန်းတင်လွန်းခြင်းလည်း ဖြစ်ပါသည်။ မိတ်ဆွေတစ်ယောက်၏ မိသားစုမှာ ရရစားစားဖြစ်သော်လည်း လက်ကြားစီးကရက်မချပါ။ ကျောင်းအပ်ချိန်အကုန်အကျများသည်ကို မိန်းမလုပ်သူကသည်းပြသော်လည်း တာဝန်မရှိသလိုနေနိုင်သူဖြစ်ပါသည်။ 'နေစိမ့်သူ'ဟု အများက ကင်ပွန်းတပ်ခံရသူ ဖြစ်သည်။ 'နေစိမ့်နိုင်ခြင်းမှာ 'ကိုယ်ချင်းမစာနိုင်'၍ဖြစ်သည်။ တာဝန်တစ်ရပ်ကို မထမ်းဆောင်နိုင်ခြင်းဖြစ်သည်။ လူသားတာဝန်တစ်ရပ်ကို ထမ်းဆောင်၍ ကလေးများမွေးလာသော်လည်း အဖေသာဖြစ်၍ 'ဖခင်' မဖြစ်ခဲ့သူဖြစ်ပါသည်။

တစ်ယောက်ရှိသေးသည်။ ရောင့်ရဲသူဟုအများက ကင်ပွန်းတပ်ခံရသူဖြစ်
mgyoe.com

mgyoe.com


သည်။ ပြေလည်သောစီးပွားရေးမရှိပါပဲလျက် ညနေအချိန်မှန်မှန် အရက်သောက်သူဖြစ်သည်။ မိသားစုဝင်များ ကန်စွန်းရွက်နှင့် ဘဲဥစားနေရသော်လည်း အရက်မြည်းရန် အသားကြော်ပေးနေရပါသည်။ သားသမီးများပူဆာမှုရှိလျှင် 'ရောင့်ရဲရတယ်သားရဲ့' ဟု လေပြေဖြင့်ဖြေသိမ့်တတ်သူဖြစ်သည်။ ရောင့်ရဲခြင်းနှင့် စိတ်ဓာတ်မရှိခြင်းကို ရောထွေးစွာ နားလည်ထားသူဟု သုံးသပ်နိုင်မည်ဖြစ်သည်။ တကယ်ရောင့်ရဲခြင်းရှိလျှင် အရက်မသောက်ဘဲနေနိုင်ရန်သင့်သည်။ အမြည်းမစားဘဲ မိသားစုနှင့်အတူ ကန်စွန်းရွက်ကိုက်သင့်ပါသည်။ ပျင်းရိခြင်း၊ စိတ်ဓာတ်နိမ့်ကျခြင်းကို ရောင့်ရဲခြင်းဖြင့် ကြိုးစား၍ သကာဖုံးတတ်သောအလေ့ကို ဖျောက်သင့်ပါသည်။

ဆန္ဒသည် အသိရှိလူသားတို့တွင် ရှိသင့်သောအရာ ဖြစ်သော်လည်း အသိနှင့်ယှဉ်သော၊ ပညာနှင့်တွဲသောဆန္ဒ ဖြစ်သင့်ပါသည်။ လွန်ကဲသောဆန္ဒသည် အောင်မြင်မှုအတွက် အခြေခံသည်ထက် 'ပူပြင်းသော' ဝေဒနာပိုသည်ကို သတိမူသင့်ပါသည်။ ဆန္ဒလွန်သည့်အခါ အမှား၊ အမှန်ဝေဖန်ပိုင်းခြားနိုင်စွမ်း အဝေးရောက်သွားကာ တစ်ခါတစ်ရံ မိမိ၏ 'အနာဂတ်' ဖြင့်ပင် အလဲအလှယ်လုပ်တတ်ရလေ့ရှိပါသည်။

❖

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# လူတော်လား၊ လူကောင်းလား

30th July 2004

**လူတော်အတွက်သာနေရာရှိသည်**

Sunday Times (S'pore) သတင်းစာမှာ Tracy Quek ရဲ့ "Last in First Out" ဆောင်းပါးကို ဖတ်လိုက်ရတော့ ကမ္ဘာကြီးဒီလောက်တောင် အပြိုင်အဆိုင်ပြင်းထန်နေပြီလားဆိုပြီး တုန်လှုပ်သွားခဲ့ရပါတယ်။ စီးပွားရေးမကောင်းကြလို့ ကုမ္ပဏီတွေ ဝန်ထမ်းလျှော့ကြတဲ့အခါမှာ "Last in First Out" ဆိုတာ 'နောက်မှဝင်သူအရင်အငြိမ်းစားပေး' တာ ဖြစ်ပါတယ်။ Tracy Quek က အဲဒီခေတ် ကုန်သွားပါပြီတဲ့။ "First in First Out" လည်း ဖြစ်နိုင်ပါတယ်တဲ့။ လုပ်သက်၊ စီနီယာ၊ သံယောဇဉ်တွေ မရှိတော့ဘူးဆိုတာကို ပြတ်ပြတ်သားသား ကြေညာမောင်းခတ်လိုက်တာပါ။

လုပ်သက်ရင့်ပညာရှင် Mohamad Abdul Hyie ဟာ တစ်နေ့ Pink Slip အပေးခံရပါတယ်။ (အလုပ်ထုတ်တာပါ)။ အသက် (၄၆) နှစ်ရှိပြီး လုပ်သက် (၂၄) နှစ်အတွင်း အပြစ်မရှိအောင်နေခဲ့တဲ့သူပါ။ သူနဲ့အတော်များများလုပ်ငန်းက အနားယူခိုင်းခံခဲ့ကြရပါတယ်။ သူတို့ကိစ္စ High Authorities တွေအထိ ရောက်ပါတယ်၊ S'pore Port Authority ရဲ့ ဆုံးဖြတ်ချက်ကိုပဲ အတည်ပြုပေးလိုက်ပါတယ်။ ရှင်းပြချက်ကတော့ ပြိုင်ဆိုင်မှုပြင်းထန်နေတဲ့ ကမ္ဘာကြီးမှာ S'pore ပို အစွမ်းထက်စွာယှဉ်ပြိုင်နိုင်အောင်လို့တဲ့။ အရင်တုန်းက အလုပ်ကြိုးစားသူ၊ သစ္စာရှိသူတွေ အလုပ်အာမခံချက်ရှိကြပေမယ့်၊ ဒီနေ့ Business Builders တွေအတွက်ပဲ နေရာပေးနိုင်တော့မယ်လို့ ဆိုပါတယ်။ Business Builders ဆိုတာ စီးပွားရေးလုပ်တဲ့သူသက်သက်မကတော့ဘဲ လုပ်သားဝန်ထမ်းတွေကပါ ကျွမ်းကျင်မှု၊ ပညာ၊ အတွေးအခေါ်တွေ သယ်လာရမှာဖြစ်ပြီး လုပ်ငန်းရှင်တိုးတက်ကြီးပွားအောင် လုပ်အား

mgyoe.com

mgyoe.com

သာမက Value Add လုပ်ပေးနိုင်သူတွေကို ဆိုလိုတာပါ။ သာမန် လုပ်အားထက် ကျော်လွန်ပြီး 'အစွမ်းပြ' နိုင်မှုကို ဦးစားပေးတာပါ။ ဒီနေ့ထိ စွမ်းသေးရင်၊ ဒီနေ့အထိပဲ အလုပ်အာမခံချက်ရှိမယ်ဆိုတဲ့ သဘောပါ။ မနက်ဖြန်အတွက် အလုပ်အာမခံချက်ရှိစေချင်ရင် စဉ်ဆက်မပြတ် စွမ်းအောင်လုပ်ဖို့ လိုမယ်ဆိုတာကိုလည်း သွယ်သွယ်ဝိုက်ဝိုက်မဟုတ်ဘဲ တိုက်ရိုက်ပြောထားတဲ့သဘောပါ။ Sustainable ဖြစ်ရမယ်ပေါ့။

ဘယ်လောက်ထိ လုပ်အားစွမ်းရည်နဲ့ပတ်သက်ပြီး ပြတ်ပြတ်သားသား ပြောကြသလဲဆိုရင် Veteran Trade Union က Mr. Ong Keau က "Gone are the days last in first out, seniority no longer guarantees life-long employment." မလုပ်မရှုပ်မပြုတ်ခေတ်နဲ့ လုပ်သက်ရင့်အတွက် အလုပ် အာမခံချက်မရှိပါဘူးတဲ့။ ISearch Worldwide က CEO Mr. Richard Hoou က "The shift towards the service industry where efficiency and adding value count more than years of experience" လို့ ပံ့ပိုးပေးပြန်ပါတယ်။

Mercer Cousulting (Asia) ကဦးဆောင်သူ Mr. Hugh Bucknall က ပိုပြီးပြတ်သားပါတယ်။ "In tough times, they need people who can build business, they don't have to keep the ones who simply maintain their business." ပေးတဲ့တာဝန် ကျေတာလောက်တောင် အာမခံချက်မရှိဘူးဆိုရင် လူတွေ တော်အောင် ဘယ်လောက် ကြိုးစားရတော့မယ်ဆိုတာကို မီးမောင်းထိုးပြလိုက်တာပါ။

ဘယ်သူအဓိကလဲ

ဒီနေရာမှာ လူတော်က အရေးကြီးသလား၊ လူကောင်းက အရေးကြီးသလား ဆိုတာ ဖြေဖို့လိုတော့မယ် မဟုတ်ဘူးထင်ပါတယ်။ ဘာသာရေးရှုထောင့်က ကြည့်ရင်လည်း အရိယာဖြစ်ပြီဆိုရင် လူကောင်းဖြစ်နေပါပြီ၊ ရဟန္တာအဆင့်နဲ့ အထက်မှာ ကံကိုဖြစ်စေတဲ့ 'စိတ်စေတနာ' တွေမရှိတော့ဘဲ 'ကြိယာစိတ်' သက်သက်သာ ဖြစ်တော့တာမို့ 'ကောင်း' တဲ့ အရည်အချင်းတွေတူသွားကြပါပြီ။ ဒါပေမဲ့ 'ဗုဒ္ဓအတုမရှိ' ဆိုတာ 'ပညာအရာမှာအတုမရှိ' တာကိုပြောတာမို့ 'တော်ခြင်း' မှာ အတိုင်းအတာမရှိဘူးဆိုတာ ထင်ရှားစေပါတယ်။

မလွယ်ပေမယ့် အခြေအနေပေးရင် 'ငါးပါးသီလ' ကို လူတိုင်းစောင့်ထိန်းနိုင်ပေမယ့်၊ အခြေအနေပေးသော်လည်း ဘွဲ့လွန်တွေမှာ ပထမရဖို့ ခက်ခဲရခြင်းဟာလည်း တော်ခြင်းနဲ့ကောင်းခြင်းတန်ဖိုးကို ကွဲပြားစေပါတယ်။ ပဥ္စဝဂ္ဂီငါးဦးနဲ့ လူ ရင်းရဟန်း

mgyoe.com

ငါးရာကိုကျော်ပြီး ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလန်ကို လက်ယာလက်ဝဲပေးခြင်းဟာ တော်လို့ပါ။ တော်တာခြင်း တူရင်တောင် ပညာအရာ ဧတဒဂ်ရတဲ့ ရှင်သာရိပုတ္တရာကို လက်ယာရံ ပေးထားပါတယ်။ ဒီနေ့ပညာခေတ်လို့ပြောကြတဲ့ အချိန်ထက်စောပြီး နှစ်ပေါင်း နှစ်ထောင့်ခြောက်ရာခန့်ကတည်းက ဗုဒ္ဓကိုယ်တော်တိုင်က ပညာကို ဦးစားပေးခဲ့ပြီး၊ ကိုယ်တိုင်လည်း ပညာအရာမှာ အတုမရှိအောင်ကြိုးစားခဲ့သူ ဖြစ်ပါတယ်။

ဖြစ်နိုင်ချေရှိမှု (Rarity) တန်ဖိုးအစဉ် (Value) အရ လူတော်၊ လူကောင်းလို့ ရှေးလူကြီးသူမများက အစဉ်အလာထားခဲ့ပေမယ့် အဖွဲ့အစည်းနဲ့ ကုမ္ပဏီတော်တော်များများမှာ ဦးဆောင်သူတွေက ကိုယ်ဦးစားပေးရာကို အလျင်းသင့်သလို အသုံးပြုကြပါတယ်။ တိုးတက်သွားတဲ့နိုင်ငံတွေမှာ လူတော်ဦးစားပေး အဓိကထားတာတွေ့ရပြီး တတိယနိုင်ငံတွေမှာ လူကောင်းဦးစားပေးအတွေးအခေါ် လွှမ်းမိုးဆဲပါ။ လူကောင်းရဲ့စရိုက်လက္ခဏာဟာ မပေါ်လွင်တတ်ပေမယ့် လူတော်ရဲ့စရိုက် လက္ခဏာဟာ ထင်ရှားခြင်းရှိတတ်ပါတယ်။

အကောင်း၊ အဆိုးကို ခွဲခြားသိမြင်နိုင်တဲ့ တစ်ခဏမှာ လူကောင်းဖြစ်နိုင်ပေမယ့် အိုင်းစတိုင်းလိုလူမျိုး၊ ပီတာဒရပ်ကာလိုလူမျိုး၊ အဒမ်စမစ်လိုလူမျိုးဖြစ်ဖို့ကြိုးစားရင်း ဖြစ်မသွားရှာတဲ့လူတွေက သန်းပေါင်းများစွာပါ။

## ဘယ်လောက်တော်မှာလဲ

ကောင်းတာချင်းတိုင်းတဲ့ခေတ်မဟုတ်ပါဘူး၊ Knowledge Age ဆိုတာ တော်တာချင်းပြိုင်တဲ့ခေတ်ပါ။ 'ဘယ်လိုတော်မှာလဲ၊ ဘယ်လောက်တော်ကြမှာလဲ' ဆိုတဲ့မေးခွန်းက ပန်းတိုင်မှာဆီးကြိုနေပါတယ်။ ငယ်စဉ်ကစာမေးပွဲကို သတိရကြည့်လိုက်စမ်းပါ။ အဆင့် (၁) ရလို့ တော်တယ်ဆိုတဲ့ကလေးဟာ ဘာသာစုံ အမှတ်ပေါင်းမှာ အများဆုံးရလို့ဖြစ်ပါတယ်။ ဘာသာစုံလည်း အမှတ်များရမှာ ဖြစ်ပါတယ်။ တစ်ဘာသာတည်းမှာ အမှတ်ပြည့် (၁၀၀) ရဖို့ လိုချင်မှလိုမှာပါ။ တစ်ယောက်ယောက်က သင်္ချာမှာ (၁၀၀) အမှတ်ပြည့်ရပေမယ့် တခြားဘာသာတွေမှာ (၄၀) နားတစ်ဝိုက်ဆိုရင် အဆင့် (၁) မရနိုင်ပါဘူး၊ အဲဒီလူကို လူတော်လို့ မခေါ်ဘဲ သင်္ချာထူးချွန်သူအဖြစ်သာ သတ်မှတ်နိုင်မှာဖြစ်ပါတယ်။

ဘယ်သူတွေ ဘယ်လောက်တော်ကြသလဲဆိုတာ သိထားဖို့ အရင်လိုပါမယ်။ မူလတန်းကျောင်းလောက်သာရှိတဲ့ရွာမှာ တစ်ရွာလုံးသြဘာပေးတာကို ဟုတ်လှပြီ ထင်ရင် အဲဒီရွာမှာပဲ အလုပ်လုပ်သင့်ပါတယ်။ ပါမောက္ခတွေနဲ့ ပွင့်လင်းစွာ ဆွေးနွေး

mgyoe.com